www.burmeseclassic.com

# လူငယ်တို့ရဲ့ အနာဂတ်

စ ကား ဝိုင်း

ကိုတာ

အောင်ဝီကျယ်

ဖေမြင့်

သန်းစိုးနိုင်

ကျော်ဝင်း

ရဲနိုင်မိုး တွေ့ဆုံမေးမြန်းသည်

www.burmeseclassic.com

**ကျေးဇူးစကား**

ဤစာအုပ်အားထုတ်ဝေရန်ခွင့်ပြုခဲ့သည့် ဆရာသန်းစိုးနိုင်၊ ဆရာဖေမြင့်၊ ဆရာကိုတာ၊ ဆရာကျော်ဝင်းနှင့် ဆရာ အော်ပီကျယ်တို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် စကားဝိုင်းဖြစ်အောင်စီစဉ်ပြီး တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ပေးသူ ပြူတီမဂ္ဂဇင်းအယ်ဒီတာချုပ် ဆရာရဲနိုင်မိုးနှင့် နှစ်လဆက်တိုက်ဖော်ပြခဲ့သော ပြူတီမဂ္ဂဇင်းအားလည်း ကျေးဇူးတင်ရှိပါသည်။ စကားဝိုင်းဆွေးနွေးချက်များအား စာအုပ်အဖြစ်ပြန်လည်ထုတ်ဝေရန် အကြံပြုပေးခဲ့သော၊ စာအုပ်ဖြစ်မြောက်ရန် ကူညီပေးခဲ့သော ကိုလင်းတည်ဦးအားလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

www.burmeseclassic.com

လူငယ်တို့ရဲ့ အနာဂတ်ရည်မှန်းချက်၊
ဝါသနာနဲ့ ရွေးချယ်နိုင်ခွင့်၊
မိဘတို့ရဲ့ လမ်းညွှန်ပဲ့ပြင်မှု၊
စာဖတ်ခြင်း၊ ယဉ်ကျေးမှု၊
ရန်ကုန်နှင့် နယ်မှလူငယ်များ၊
ideology ရဲ့ထိန်းကြောင်းမှု၊
ကျင့်ဝတ်၊ တန်ဖိုးနဲ့ စံများ
စတဲ့အကြောင်းအရာတွေအပေါ်
လူငယ်တို့ရဲ့အရေး စိတ်ဝင်စားတဲ့
စာရေးဆရာများရဲ့ ဆွေးနွေးသုံးသပ်မှု၊
အတွေးအမြင်များ

# လူငယ်တို့ရဲ့ အနာဂတ်

စကားဝိုင်း

www.burmeseclassic.com

# လူငယ်တို့ရဲ့ အနာဂတ်

**စကားဝိုင်း**

**ကိုတာ၊ အောင်ပီကျယ်၊ ဖေမြင့်**
**သန်းစိုးနိုင်၊ ကျော်ဝင်း**

ရဲနိုင်မိုး
တွေ့ဆုံမေးမြန်းသည်

www.burmeseclassic.com

## စီစဉ်သူမှ

အမှန်တော့ ‘လူငယ်တို့ရဲ့အနာဂတ်’စကားဝိုင်းသည် ယခုလို စာအုပ်တစ်အုပ်အဖြစ်ပုံနှိပ်ထုတ်ဝေရန်ရည်ရွယ်၍ ဝိုင်းဖွဲ့ခဲ့ကြခြင်း မဟုတ်ပါ။ပို၍တိတိပပပြောရလျှင်ထိုကဲ့သို့ စကားဝိုင်းဖွဲ့ခဲ့ကြခြင်းကိုပင် ကျွန်တော်တို့မသိခဲ့ပါ။ထို စကားဝိုင်းသည် ဖြူတီမဂ္ဂဇင်းလေးနှစ်ပြည့်အထိမ်းအမှတ် အဖြစ် မဂ္ဂဇင်းတွင်ဖော်ပြရန် အယ်ဒီတာချုပ် ကိုရဲနိုင်မိုးက စီစဉ် ဝိုင်းဖွဲ့ခဲ့ကြခြင်းသာဖြစ်သည်။ထို့ကြောင့်လေးနှစ်ပြည့် မဂ္ဂဇင်းထွက်လာသောအခါမှသာဖတ်ရှုခဲ့ရခြင်းဖြစ်ပါသည်။

သို့သော်ထိုစကားဝိုင်းတွင်ဆွေးနွေးခဲ့ကြသောအကြောင်း အရာများသည် မဂ္ဂဇင်းစာမျက်နှာပေါ်မှာတင် ပျောက်ပျက် မသွားသင့်။ပိုမိုကျယ်ပြန့်သည့်စာဖတ်ပရိသတ်ထံသို့ရောက် ရှိရန် စာအုပ်တစ်အုပ်အဖြစ် ပြန်လည်ထုတ်ဝေသင့်သည် ဟုယူဆသဖြင့်ယခုကဲ့သို့စာအုပ်ငယ်တစ်အုပ်အဖြစ်ဖန်တီး ခဲ့ခြင်းဖြစ်သည်။

လူငယ်သည်အနာဂတ်ကိုပိုင်စိုးသူဖြစ်သည်ဟုဆိုသည်။ အနာဂတ်ကိုလူငယ်တို့ကသာပိုင်ဆိုင်သည်၊လူကြီးတို့ကမပိုင်။ ထို့ကြောင့် အနာဂတ်အတွက်စဉ်းစားလျှင် လူငယ်တို့ကိုချန် လှပ်ထားခဲ့၍မရ။ လူငယ်တွေမပါဘဲ အနာဂတ်ကို တည် ဆောက်၍မရ။‘လောကလှစေဖို့’လူငယ်တို့ရဲ့အနာဂတ်လှမှ ဖြစ်မည်။ လူငယ်တို့ရဲ့အနာဂတ်လှဖို့ ဘာတွေ ပြင်ဆင်ကြ ရမည်နည်း။ တကယ်တော့ ကျွန်တော်တို့ လူကြီးတွေအနေ

ဖြင့်အကောင်းဆုံးပြုလုပ်ပေးနိုင်သည်က၏အနာဂတ်အတွက် ဘာတွေ ကြိုတင်ပြင်ဆင်သင့်သည်ဆိုသည်ကို အကံပေးရုံ၊ သူတို့ ရွေးချယ်လျှောက်လှမ်းသည့်လမ်းတွင်လိုအပ်သည်တို့ ကို ကူညီဖေးမပေးရုံသာ ဖြစ်သည်။ ရွေးချယ်ဆုံးဖြတ်မည့် သူ၊ ပုံဖော်တည်ဆောက်မည့်သူမှာ လူငယ်တို့သာဖြစ်သည်။

ယခု လူငယ်တို့၏အနာဂတ် စကားဝိုင်းတွင်ဆရာများ ဆွေးနွေးခဲ့ကြသည့်အခါတွင်လည်း ထိုအချက်ကို ထင်ထင် လင်းလင်း တွေ့မြင်ရသည်။ ဤသို့ဆိုလျှင် ဘာကြောင့်များ ကျွန်တော်တို့က လူငယ်တို့၏အနာဂတ်အတွက်ဝိုင်းဖွဲ့ဆွေး နွေး အကြံပေးနေဖို့လိုပါသေးသနည်း။ ဆရာတို့ ပြောခဲ့ကြ သကဲ့သို့ပင်လူငယ်များတွင်သတ္တိတွေ၊အားမာန်တွေအပြည့် ရှိသည်။ သို့သော် လူကြီးတွေမှာက အတွေ့အကြုံရှိသည်။ သူတို့လည်း တစ်ချိန်က လူငယ်များအဖြစ် ဘဝကိုဖြတ် သန်းခဲ့ကြရသည်ပင်။ ထို့ကြောင့် လူငယ်တို့ရဲ့အနာဂတ်ကို လမ်းကြောင်းချပေးတာမဟုတ်သည့်တိုင် သူတို့၏အတွေ့ အကြုံများကို ဝေမျှနိုင်ကြသည်။ အခက်အခဲကို ဘယ်လို ကျော်လွှားရမည်။ အောင်မြင်မှုဆီ မည်သို့လှမ်းတက်ရမည် ဆိုသည်တို့ကိုအကြံဉာဏ်ပေးနိုင်ကြသည်။သတိပြုဆင်ခြင် စရာတွေကို ထောက်ပြနိုင်ကြသည်။ ယခုစကားဝိုင်းတွင်ဤ သို့ ထောက်ပြ၊အကြံပြုထားသည်တို့ကိုတွေ့နိုင်ပါလိမ့်မည်။

တစ်ခုပြောဖို့ရှိသည်မှာဤစကားဝိုင်းသည်အချိန်အကန့် အသတ်၊ စာမျက်နှာအကန့်အသတ်(မဂ္ဂဇင်းတွင်ဖော်ပြရန် ဖြစ်သဖြင့်)စသည့်ကန့်သတ်ချက်များစွာအတွင်းမှာသာပြော ဆို ဆွေးနွေးခဲ့ကြရခြင်း ဖြစ်သည်။ ဆရာငါးယောက်တို့ ရှုထောင့်ငါးခုမှ တင်ပြချက်များကို တွေ့မြင်ရမည်ဖြစ်သော် လည်း ရှုထောင့်စုံအောင် ဆွေးနွေးနိုင်ခဲ့သည်မဟုတ်ပါ။ လူ

ငယ်တို့၏အနာဂတ်ကိုဖန်တီးရာတွင် သက်ရောက်မှုကြီးမား သော အကြောင်းအချက်အချို့ကိုသာ ရွေးထုတ်ဆွေးနွေးကြ ခြင်း ဖြစ်ပါသည်။ ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာအနည်း ငယ်သည်လည်း ဆရာတို့၏ အတွေးအမြင်များကို ပြည့်စုံစွာ ဖော်ပြနိုင်ခဲ့မည် မဟုတ်ပါ။ ထိုအချက်ကို စာဖတ်သူများလည်း သဘောပေါက်ပြီးဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

မည်သို့ပင်ဖြစ်စေ ဤစကားဝိုင်းတွင် ဆွေးနွေးအကြံ ပြုချက်များသည် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်နေ သည့်လူငယ်များအတွက် တစ်စုံတစ်ရာ အကျိုးရှိနိုင်မည် ဖြစ်ပါသည်။ စာဖတ်ခြင်းသည် အခြားသူတို့၏ အတွေ့အကြုံ၊ အတွေးအမြင်တို့ကို အချိန်ကုန်၊ ငွေကုန်အသက်သာဆုံးနှင့် အထိရောက်ဆုံးဝေမျှယူနိုင်သောနည်းလမ်းတစ်ခု ဖြစ်ပါသည်။ အနာဂတ်ရည်မှန်းချက်မြင့်မားသည့် လူငယ်များအတွက် ပိုမို ကျယ်ဝန်းပြည့်စုံစွာ အထောက်အကူပြုနိုင်မည့်စာအုပ်များကို ဆက်လက်ထုတ်ဝေသွားရန်လည်း ရည်သန်ထားပါသည်။

**အောင်စိုးမိုး**
**ပင်ဝါးရုံစာပေ**

**<u>အမှာ</u>**


ပြူတီမဂ္ဂဇင်း ၄ နှစ်ပြည့်အမှတ်တရစာအုပ်မှာ ထူးခြားတဲ့ စကားဝိုင်းလေးတစ်ခု လူငယ်တွေအတွက် ပြုလုပ်ပေးချင်တဲ့ ဆန္ဒ ပေါ်လာပါတယ်(ပြူတီရဲ့ ပုံမှန်စကားဝိုင်းဆိုတာကတော့ ပြူတီကတင်တဲ့ Cover Theme တွေအပေါ်မှာ လူငယ်တွေ လွတ်လွတ်လပ်လပ် ရင်းရင်းနှီးနှီး ဆွေးနွေးပြောဆိုဖြစ်ခဲ့တာ တွေပါ)။

ဒါနဲ့ပဲ လူငယ့်အရေးကို စိတ်ဝင်စားအရေးတယူရှိကြတဲ့ စာပေနယ်ကဆရာတချို့နဲ့ ဒီနေ့လူငယ်တွေရဲ့ဘဝနဲ့ ဖြတ်သန်းနေရမှုတွေကို ကျွန်တော်တို့ စကားဝိုင်းဖွဲ့ပြောဆိုဖြစ်ခဲ့ကြပါတယ်။ ၇၊ ဇန်နဝါရီ၊ ၂၀၀၄ နေ့က Fee˙ I Restaurant မှာ ဆရာဖေမြင့်၊ ဆရာကိုတာ၊ ဆရာသန်းစိုးနိုင်၊ ဆရာအော်ပီကျယ်၊ ဆရာကျော်ဝင်းတို့နဲ့ စကားပြောဖြစ်ခဲ့တာလေးတွေကို ပြန်လည်တင်ပြလိုက်ပါတယ်။

လူငယ်တွေအတွက် ရည်ရွယ်ခဲ့ပေမယ့်လည်း ဒီ့ထက်ကျယ်ပြန့်တဲ့ စာဖတ်သူများထံကိုလည်း ကျွန်တော် ရည်ညွှန်းလိုပါတယ်။

**ရဲနိုင်မိုး**

လူငယ်ဆိုတာ



**ရဲမိုး ပထမဆုံး ကျွန်တော်သိချင်တာက အခုခေတ် လူငယ်တွေအကြောင်းကို ဆရာတို့ တွေးမိတဲ့အခါ ဘယ်အရာက ခေါင်းထဲမှာ အရင်ပေါ်လာတတ်ပါသလဲ။ ဘယ်အကြောင်းကို အရင်ပြောချင်ပါသလဲ။**

**ကိုတာ** လူငယ်ဆိုတာကိုစဉ်းစားမိရင် ကျွန်တော် အမြဲတွေးမိတာက လူငယ်ဆိုတာ အားနဲ့မာန်နဲ့ဗျ။ အဲဒါ သေချာတယ်။ အားတွေမာန်တွေ ရှိတယ်။ မာန်မာန ရှိတယ်။ နောက်တစ်ခုက ပိုသတ္တိရှိတယ်ပေါ့။ စွန့်စားရဲတယ်။နောက်ပြီးတော့ လူကြီးတွေထက်စာရင် ပိုရိုးသားတယ်။ ဒါ ဘယ်ခေတ်မဆိုပေါ့။ ဒါပေမယ့် စွမ်းပကားရှိဖို့တော့ မသေချာဘူး။ စွမ်းပကားဆိုတာ skill တို့၊ ပညာတို့၊ ဆင်ခြင်တုံတရားတို့၊ အတွေ့အကြုံတို့ ထည့်ဖို့လိုတယ်။ လူငယ်တွေမှာ အဲဒီဟာတွေတော့ အားနည်းမှာပေါ့။ အဲဒါကို ထည့်နိုင်လား၊ မထည့်နိုင်ဘူးလားဆိုတာအပေါ်မှာ ကျွန်တော်တို့အနာဂတ်ကြီးက တည်နေတာပေါ့။

**အော်ပီကျယ်** ကျွန်တော် ဟိုတလောက စာပေဟောပြောပွဲသွားတော့ ဟောပြောပွဲပြီး နောက်နေ့ ဘုန်းကြီးကျောင်းမှာ တည်းနေတုန်း အော်တိုရေးခိုင်းတဲ့ ကလေးမလေးတွေ ၅ ယောက်လောက် လာတယ်။ ကျွန်တော်တို့နဲ့အတူ ဒေါ်ခင်ဆွေဦးလည်း ပါတယ်။ ဒေါ်ခင်ဆွေဦးက ဖျတ်ခနဲ ပြောလိုက်တယ်။ ကလေးမလေး ၅ ယောက်ကို။ သူတို့က ဘုန်းကြီးကျောင်းမှာဆိုတော့ ပုဆစ်တုပ်ကလေးတွေ ထိုင်နေတာပေါ့။ 'အရွယ်ကောင်းကလေးတွေပဲ'တဲ့။ အဲဒီမှာ အရွယ်ကောင်းဆိုတဲ့ စကားလုံးကို ကျွန်တော် တော်တော်

သဘောကျသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က မြန်မာ့သက်တမ်းမှာ တစ်ဝက်ကျိုးပြီ။ ဒါတောင် တစ်ဝက်က ပျိုသက်။ ကျန်သေးတဲ့တစ်ဝက်ကအိုသက်တဲ့။ အဲဒီတော့ လူငယ်တွေနဲ့ပတ်သက်လို့ ဆရာတာ ပြောသလိုပဲ သူတို့ကိုကြည့်ရင် တကယ်ကို ကျန်းမာရေးကောင်းတယ်။ လုပ်နိုင်ကိုင်နိုင်တယ်ဆိုတာ ပေါ်တယ်။ သူတို့မှာ မျှော်လင့်ချက်တွေ အများကြီးရှိတယ်ဗျ။ သူတို့ တကယ်လုပ်ရင် ဖြစ်မယ်ဆိုတာတွေက သူတို့ရဲ့မျက်လုံးတွေကိုကြည့်ရုံနဲ့ သိသာတယ်။ ဆရာတာပြောတဲ့ အားမာန်တွေကို တကယ်တွေ့လိုက်ရတယ်။

**သန်းစိုးနိုင်** ကိုရဲမိုးက ဒီမေးခွန်းမေးတော့ ကျွန်တော် ဘာကို သွားစဉ်းစားမိသလဲဆိုတော့ ကျွန်တော်တို့ လူငယ်ဘဝတုန်းကနဲ့ယှဉ်ရင် အခုအလုပ်လုပ်နေတဲ့လူငယ်တွေအရွယ်မှာ ဟိုတုန်းက ကျွန်တော်တို့ အလုပ်ဆိုတာ လုံးဝမစဉ်းစားသေးတဲ့အချိန်။ သူတို့ကတော့ တော်တော်ကို လုပ်ရည်ကိုင်ရည်လည်း ရှိနေပြီ။ အခြေအနေကပဲ တွန်းပို့သလားတော့မသိဘူး။ ကျွန်တော် အသက် ၂၀ တုန်းကတက္ကသိုလ်ကျောင်းသားဘဝမှာ အင်မတန်ပျော်လို့ကောင်းတဲ့အချိန်။ အနုပညာအသင်းရဲ့ လှုပ်ရှားမှုတွေပါမယ်။ အားကစားတွေလည်း ပါမယ်။ ဒါပေမယ့် အခုလူငယ်တွေကျတော့ အလုပ်အပေါ် အခြေခံကြရတယ်။ ကျွန်တော်တို့တုန်းကတော့ ကျောင်းသားဘဝကို အခြေခံတယ်။

**ရဲမိုး** အခုလူငယ်တွေက survive လုပ်ရတာကို ပြောတာလား ဆရာ။

**သန်းစိုးနိုင်** ဒါပေါ့။ သူတို့က အလုပ်လုပ်နေကြရတာ။

အသက် ၂၀ ဝန်းကျင်လူငယ်တော်တော်များများ အလုပ်လုပ်ကြတယ်။

**ကိုတာ** ဟုတ်တယ်။ ကျွန်တော့်မှာ ကုမ္ပဏီလေးတစ်ခုရှိတယ်။ အဲဒီမှာ 2nd year တို့၊ ၁၀ တန်းအောင်တို့ လူငယ်တွေချည်းပဲ။ ကျွန်တော်တို့တုန်းကဆိုရင် ဒီအရွယ်မှာ အလုပ်လုပ်ဖို့ မစဉ်းစားသေးတဲ့အချိန်ပေါ့။ ကျောင်းပညာကတော့ သူတို့ distance သင်တယ်ပေါ့။ တစ်ဖက်ကတော့ အလုပ်နဲ့ပတ်သက်ပြီး လူတွေနဲ့ ထိတွေ့တတ်လာတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာ ကျန်တဲ့ skill ပေါ့လေ၊ ကျောင်းသင်ခန်းကမှရတဲ့ skill တွေ ရှိတယ်လေ။ ပညာရေးဆိုတာ၊ formal education ဆိုတာက purposeful learning ခေါ်တာပေါ့။ အပြင်မှာ အလုပ်လုပ်ရင်း စာသင်တယ်။ အဲဒီအခါစနစ်တကျပညာသင်ကြားရေးမဟုတ်ဘူး။ အဲဒီတော့ ကျွန်တော်ထင်တာကတော့ ရေရှည်မှာ သူများနဲ့ ယှဉ်ပြိုင်နိုင်တဲ့ skill တွေ ရမယ်မထင်ဘူး။ ဒါပေမယ့် What they cannot teach you at Harvard Business School ဆိုတဲ့စာအုပ်ထဲကလို street smart ပေါ့။ လမ်းပေါ်မှာ စမတ်ဖြစ်တဲ့ဟာမျိုးတော့ရနိုင်တယ်။ စနစ်တကျ ပညာသင်ကြားရေးတော့မရနိုင်ဘူး။ အဲဒီတော့ အလုပ်ကြီးအကိုင်ကြီးတစ်ခုကို သူများနဲ့ယှဉ်ပြီး လုပ်ကြစတမ်းဆိုရင် ကျွန်တော်ထင်တယ်။ အများစုကို ပြောတာနော်။ တချို့တလေ တတ်တဲ့သူကတော့ရှိမှာပါ။ majority ကတော့လိုမယ်ထင်တယ်။ တကယ်ကြိုးစားတဲ့လူတွေကတော့ တတ်ချင်တတ်မှာပေါ့။

**အော်ပီကျယ်** အခုအချိန်မှာ လူငယ်အများစုက ဆရာပြော



[illegible] သင်တယ်။
တကယ့်တကယ်တော့ စာမရိုက်ဘူး။
သူများလုပ်လို့ လျှောက်လုပ်နေတာလို့
ကျွန်တော်ကတော့ ပြောချင်တယ်။
တစ်ခုခုကို ရည်ရွယ်ချက်ရှိရှိ သေသေချာချာ
စနစ်တကျလုပ်နေတာမျိုးပေါ့။
ဘာမှမတတ်ဘူးဆိုတာ
[illegible] ကိုပြောတာ။
သူများနဲ့ ယှဉ်ပြိုင်နိုင်တဲ့ကျွမ်းကျင်မှုမရှိဘူး။
အခုဖြစ်နေတဲ့ဟာက ဒါပဲ။

သလိုပဲလေ။ တချို့ဆို သင်တန်းလည်း အခု ၂၀ လောက် တက်ပြီးပြီ။ LCCI ရော၊ ဘာသာစကားရော၊ ကွန်ပျူတာ ရော အများကြီးပဲ။ ဒါပေမယ့် တစ်ခုမှ academic မဖြစ် ဘူး။ ဆရာပြောသလိုပဲ။ ဆေးမြီးတိုလေးတွေ ဖြစ်နေတယ်။

**ကိုတာ** သေသေချာချာသင်တာမဟုတ်ဘူး။ သေသေချာ ချာ စနစ်တကျသင်ကြတာတွေ မဟုတ်ဘူး။ ကျွန်တော့်ဆီ မှာ လာအလုပ်လျှောက်ကြတယ်။ ကျွန်တော့်ကျောင်းမှာ ဆရာမလုပ်ဖို့ လာလျှောက်ကြတာလည်း ရှိတယ်။ certificate တွေလည်း ရှိတယ်။ စာရွက်ထဲမှာပဲ ရှိတယ်။ ကွန်ပျူတာ တကယ်မတတ်ကြဘူး။ English speaking တက်တယ်။ တကယ်မတတ်ဘူး။ certificate တွေ သုံး လေးခုလောက် ပါလာတာလည်းရှိတယ်။ တစ်ခါတလေ ကျတော့ ကျွန်တော်က အဲဒါတွေ ဘာလုပ်ဖို့တက်တာလဲ ပေါ့၊ မေးတယ်။ တစ်ခုခုကို သေသေချာချာတက်ဖို့ ကောင်း တယ်ပေါ့။ ကျွန်တော့်ဆီမှာလည်း ကျောင်းသားတစ် ယောက် ရှိတယ်။ မင်း ဘာလို့တစ်ခုတည်းမလုပ်တာလဲ ပေါ့။ DTP သင်တယ်။ တကယ့်တကယ်တော့စာမရိုက်ဘူး။ သူများလုပ်လို့ လျှောက်လုပ်နေတာလို့ ကျွန်တော်ကတော့ ပြောချင်တယ်။ တစ်ခုခုကို ရည်ရွယ်ချက်ရှိရှိ သေသေ ချာချာ စနစ်တကျလုပ်နေတာမျိုးပေါ့။ ဘာမှမတတ်ဘူး ဆိုတာ competitive skill ကိုပြောတာ။ သူများနဲ့ ယှဉ် ပြိုင်နိုင်တဲ့ကျွမ်းကျင်မှု မရှိဘူး။ အခုဖြစ်နေတဲ့ဟာက ဒါပဲ။ ဒါကတော့ ပြောသင့်တယ်လို့ ကျွန်တော်ထင်တာပဲ။

**အော်ပီကျယ်** ဆရာ အဲဒီ learning က ဘယ်မှာရနိုင်မလဲ။ ဆိုပါတော့ ပြည့်ပြည့်ဝဝပေါ့။

**ကိုတာ** ပြည့်ပြည့်ဝဝ learning က ခင်ဗျားမှာ တကယ် သေသေချာချာလုပ်မယ်ဆိုရင် LCCI လုပ်မယ်ဆိုရင်လည်း အစအဆုံးတက်လိုက်လေ။ DTP ဆိုရင်လည်း DTP ကို တကယ်လုပ်။ ပြီးလို့ရှိရင် တစ်နေရာမှာဝင်လုပ်။ skill တစ်ခုက ၃ လနဲ့၊ ၆ လနဲ့လည်း မရဘူး။ သုံးလေးနှစ်၊ လေးငါးခြောက်နှစ်တော့ ထားရမယ်ပေါ့။ language ဆို ရင်လည်း တကယ်လုပ်။ ဒါပေမယ့် တကယ်တတ်ကြတဲ့ လူတွေလည်း ရှိတော့ရှိပါတယ်။

**ဖေမြင့်** ကျွန်တော်ထင်တာကတော့ဗျာ . . . အဲဒီကိစ္စ မျိုး ဖြစ်လာတဲ့အနေအထားကခေတ်နည်းနည်းပြောင်းသွား တာကြောင့်လို့ ထင်တယ်ဗျ။ အဲ . . . နည်းနည်းမဟုတ် ဘူး။ တော်တော်များများ ပြောင်းသွားတယ်ပေါ့ဗျာ။ ကျွန် တော်တို့၊ ကိုအော်ပီကျယ်တို့၊ ကိုကျော်ဝင်းတို့ကျောင်းတက် နေတဲ့ခေတ်တုန်းကဗျာ . . . လူတိုင်းအတွက် ပုံစံကချထား ပြီးသားဖြစ်နေတဲ့အချိန်ပေါ့ဗျာ။ ပြီးတော့ အဲဒီတုန်းက ၁၀ တန်းအောင်ဖို့က အဓိကပေါ့ဗျာ။ အခုလည်းပဲ နည်းနည်း တော့ အဓိကကျပါတယ်။ ကျွန်တော်တို့တုန်းက ၁၀ တန်း အောင်သွားပြီးရင် မင်းကဘာတက်၊ သူကတော့ဘာတက် ပေါ့။ အဲတော့ ၁၀ တန်းမှာ အမှတ်များများရတဲ့သူက သူ့ မှာ ရွေးချယ်စရာခပ်များများလေး ရှိမယ်။ အမှတ်နည်းတဲ့ သူက ရွေးချယ်စရာနည်းမယ်။ အဲဒီအထဲမှာ တော်ချင်ရင် ကိုတာ ပြောသလို ရွေးချယ်ခွင့်ရတဲ့လိုင်းမှာ ဆက်ပြီးကြိုး စားပေါ့ဗျာ။ ဒါပဲရှိတော့တာပေါ့။

အခုကျတော့အဲဒီအနေအထားကနေပြီးတော့အထိုက် အလျောက် လွတ်ကျွတ်လာတဲ့သဘောလေးတော့ ရှိတယ်။

ကိုယ့်ဘဝကိုယ်ဖန်တီးမယ်ဆိုရင် တစ်စုံတစ်ရာဖန်တီးလို့ရမယ့်အနေအထားတော့ ရလာတယ်။ သူ့ဘာသာသူ ရွေးချယ်ပိုင်ခွင့်လေး ရှိလာပြီ။ သို့သော်ရွေးချယ်ပိုင်ခွင့်ကလည်း လူတိုင်းမှာ အတူတူနီးပါးရှိလာတယ်ဆိုပေမယ့်လည်း ရွေးချယ်စရာက နည်းတော့နည်းသေးတယ်။ ပြည့်ပြည့်ဝဝ မရှိသေးဘူး။ အဲဒီတော့ ဒီနေ့လူငယ်က အပြောင်းအလဲကာလမှာ ရုတ်တရက် ဒီအနေအထားသစ်နဲ့တွေ့ရတာ။ လူငယ်က သူ့ဘာသာသူ စမ်းတဝါးဝါးနဲ့လုပ်နေရတဲ့ အနေအထားမျိုးလို့ မြင်တယ်ဗျ။ အဲဒီအခါကျတော့ ဘေးဘီ လိုက်ကြည့်တယ်ဗျာ။ လိုက်ကြည့်တော့ သူများတွေ LCCI တက်တယ်ဆိုရင် လိုက်တက်တယ်။ ကွန်ပျူတာသင်တယ်ဆိုရင် သင်တယ်ဗျာ။ အင်္ဂလိပ်စကားပြော အရေးကြီးတယ်လို့ တချို့ဆရာတွေကပြောရင် လုပ်မယ်ဗျာ။ ခုနက အဲဒါတွေ လုပ်ထားပြီးတဲ့နောက် ဘာလုပ်ရမလဲလို့စောင့်နေကြတယ်ဗျာ။ အနေအထားကတော့ သူ့မှာ သူ့ဘာသာသူ ရွေးချယ်ရမယ့်တာဝန်ကြီးကလည်း ရှိလာပြီ။ ရွေးချယ်ခွင့်တော့ ရှိတယ်၊ သို့သော် ရွေးချယ်တဲ့တာဝန်ကို သူ နိုင်နိုင်နင်းနင်း ရှိသလား၊ မရှိဘူးလားပေါ့ဗျာ။ အတွေ့အကြုံအရ အဲဒီအနေအထားပေါ်မူတည်ပြီး အခုအခါမှာ သိပ်အဆင်မပြေသေးတဲ့အနေအထားတချို့ ရှိနေသေးတယ်လို့ ကျွန်တော်က မြင်တာပဲ။

**သန်းစိုးနိုင်** ဆရာတို့ပြောတဲ့ကိစ္စလေး ကျွန်တော်လည်း နည်းနည်းပါးပါးတော့ ဆက်ပြောပါ့မယ်။ ကျွန်တော် မြင်တာလေးပေါ့။ ကျွန်တော်က စာလေးဘာလေး နည်းနည်းသင်တော့ ကျောင်းသား၊ ကျောင်းသူတချို့နဲ့တော့တွေ့ပါတယ်။

၁၀ တန်းမှာတော့ တစ်စုံတစ်ရာတက်ကြွတဲ့ အစိတ်အပိုင်း လေးတွေ ရှိပါတယ်။ ဒါပေမယ့် ၁၀ တန်းဖြေပြီး အောင် သွားတဲ့ကလေးတွေက 'ဆရာ ဘာလုပ်ရမလဲ'ဆိုတဲ့ မေး ခွန်းကို ကျွန်တော် ဘာဖြေရမလဲမသိဘူး။ ဒါက တစ်ခုပေါ့။ အဲဒီတော့ ဘာလုပ်ကြသလဲဆိုတော့ ခုန ဆရာတွေပြော တဲ့ဟာပါပဲ။ ကွန်ပျူတာသင်မယ်၊ အင်္ဂလိပ်စာသင်မယ်။ ဒီအနေအထားမျိုးပေါ့။ နောက်တစ်ခုကတော့ ကျွန်တော် ပြောပြပါ့မယ်။ ကျွန်တော့်တူမတစ်ယောက်က တစ်နိုင်ငံ လုံးမှာ အဆင့် ၁၆ ရတယ်။ ဘာတက်မှာလဲလို့မေးတော့ ဆေးတက္ကသိုလ်တဲ့။ သူ ဆေးတက္ကသိုလ်တက်ရတဲ့ အကြောင်းကို ကျွန်တော်မေးကြည့်တော့၊ စိတ်ဝင်စားလို့ လားဆိုတော့ သူက စိတ်မဝင်စားဘူးတဲ့။ သူ့မိဘက စိတ် ဝင်စားတာ။ သူ စိတ်ဝင်စားတာက Astrophysics ကို စိတ်ဝင်စားတာ။ သူ့မှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ဒါပေ မယ့် မိဘတွေနားလည်နေတာကိုက ဒီနေ့ခေတ်မှာအခြေခံ စဉ်း စားချက်က မိသားစုမှာဆရာဝန်မရှိဘူး။ဆရာဝန်တစ် ယောက် လိုအပ်တယ်။ ဆရာဝန်တစ်ယောက်ဖြစ်လို့ရှိရင် တစ်စုံတစ်ရာ ဘဝရပ်တည်ရေးအတွက် အဆင်ပြေမယ်လို့ သူတို့ကပြောတယ်။ ကျွန်တော်က သူတို့ကိုပြောပြပါတယ်။ ပိုက်ဆံတတ်နိုင်တဲ့ လူငယ်တွေနဲ့ နိုင်ငံရပ်ခြားနဲ့ အဆက် အသွယ်ရှိတဲ့လူတွေက အမေရိကန်စင်ကာပူ၊ ဘီစီတို့မှာ ဝရုန်းသုန်းကားကိုပဲ advanced learning ကိုရဖို့ ကြိုး စားနေကြတာ။ အဲဒီတော့ မိဘတွေကလည်း လုပ်ရကောင်း မှန်းမသိဘူး။ နောက်တစ်ခုကလည်းအခြေအနေကမရှိဘူး။ အဲဒီတော့ ဆရာတို့၊ ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ခေတ်နဲ့

ဆိုရင် ပြောင်းနေပြီဆိုပေမယ့်လည်း မိဘတွေကမသိဘူး။

နောက် ကျွန်တော့်ကိုယ်ပိုင်အတွေ့အကြုံက ကျွန်တော်ကလည်း ပထမ ဆေးကျောင်းတက်ခဲ့တာပဲ။ ဒုတိယနှစ်လောက်ကျတော့ ကျွန်တော်နဲ့ဆေးပညာဆိုတာ၊ နောက်ဆုံးပြောရရင် သိပ္ပံပညာနဲ့ကို ဘာမှမအပ်စပ်ဘူးလို့ နားလည်လာတယ်။ ဆိုတော့ ဒီအရွယ်မှာ ကျွန်တော်မရွေးနိုင်ခဲ့ဘူး။ မရွေးနိုင်တော့ မိဘက အားကျပြီးတော့ ကျွန်တော်တို့ကိုလုပ်ခိုင်းခဲ့တာတွေက ဒုက္ခရောက်ရတယ်။ မိဘတွေက အခြေအနေကိုနားမလည်ဘူး။ ခေတ်အခြေအနေကို နားမလည်ဘူး။ ခေတ်အခြေအနေကို ကောင်းကောင်းနားမလည်တဲ့အခါမှာ သူတို့က ဆေးကျောင်းကိုရောက် ရင် အဆင်ပြေမယ်ဆိုတဲ့ သမားရိုးကျစဉ်းစားတဲ့အခါမှာ အခုဒီကလေးက နောက်ဆုံးတော့ ဆေးကျောင်းတက်ရတော့မှာပဲ။ ကျွန်တော့်သဘောကတော့ သွားချင်ပေမယ့် သူတို့မှာ အချက်အလက် အကန့်အသတ်ရှိတယ်။ မိဘတွေပြောရင် ဟုတ်တယ်ဆိုတဲ့အမြင်တွေ ဖြစ်နေတယ်။ အဲဒီတော့ ခေတ်တိုင်းခေတ်တိုင်းမှာ ကြုံကြဖူးတဲ့အတိုင်းပါပဲ။ လူငယ်ဆိုတာ ခေတ်ရဲ့ရေစီးကြောင်းထဲမှာ အချိန်တစ်ချိန်တော့ မျှောကြရတာပဲ။ အခုလည်း မျှောနေကြတာပဲ။ အဲဒီခေတ်ရေစီးကြောင်းကိုဖန်တီးနေတဲ့အချက်အလက်တွေအကြောင်းပြောရင်တော့ ရှိနေတဲ့အနေအထား၊ မိဘတွေရဲ့ စဉ်းစားနည်း၊ သူတို့ကိုယ်တိုင်လည်း ကိုယ် ဘာဝါသနာပါလို့ ဘာကို ပြုစုပျိုးထောင်ရမလဲ၊ ဘာအလားအလာရှိမလဲဆိုတာ မဝေခွဲနိုင်တဲ့အောက်မှာ နောက်ဆုံး ၁၀ တန်းပြီးလို့ရှိရင် ဘာဆက်လုပ်ရမှန်းမသိဘူးဆိုတဲ့

ပြဿနာဖြစ်လာတာပဲ။ ကျွန်တော်ပြောတာက လူငယ်တွေကို နားလည်ပေးဖို့ထက် လူငယ်တွေရဲ့ပြဿနာကို ဆရာတို့ပြောနေတာကို ကျွန်တော်လိုက်ပြောတာပါ။

**ကျော်ဝင်း** ကျွန်တော်တော့ ကိုရဲမိုး စမေးတဲ့မေးခွန်းကို နည်းနည်းပြန်ကောက်မယ်။ အခုလူငယ်တွေအကြောင်းပြောရင် ဘာစဉ်းစားမိသလဲဆိုတော့ ပထမဆုံးစဉ်းစားမိတာက ကျွန်တော်တို့နဲ့တော့ မတူတော့ဘူးဆိုတာပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့လို့ပြောလိုက်တော့ နည်းနည်းတော့ ကျွန်တော်တို့ခေတ်ကလူအားလုံးကို ကိုယ်စားပြုချင်မှပြုမယ်ပေါ့။ ကိုယ်တိုင်နဲ့ကိုယ့်ပတ်ဝန်းကျင်တချို့ပေါ့။ ပြောရရင် ကျွန်တော်တို့ငယ်ငယ်က တော်တော် အရွယ်ရောက်ချင်တယ်။ အထူးသဖြင့် တက္ကသိုလ်ရောက်ခါစပေါ့။ တိုက်ပုံအင်္ကျီလည်း တော်တော်ဝတ်ချင်တယ်။ အရွယ်သိပ်ရောက်ချင်တယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ကိုယ့်ရှေ့ကမျိုးဆက်တွေကို အားကျတာကိုး။ ကျွန်တော်တို့ရှေ့က မျိုးဆက်ကလည်း သူတို့ရှေ့ကမျိုးဆက်ကို အားကျကြတယ်။ အဲဒီလို အဆင့်ဆင့်အားကျတာ။ တစ်ဖက်က ပြန်စဉ်းစားရင် ကိုယ့်အရင်ကမျိုးဆက်တွေရဲ့ လွှမ်းမိုးမှု တော်တော်ခံခဲ့ရတယ်။ ကောင်းတာ၊ ဆိုးတာတော့ ထားလိုက်တော့။ ဒီနေ့လူငယ်တွေပြန်ကြည့်တော့ အဲဒီသဘောသိပ်မတွေ့ဘူး။ ပြောင်းပြန် ဘာလာတွေ့သလဲဆိုတော့ ကျွန်တော်တို့အရွယ်လောက်ရောက်ရင် ကိုယ့်ကိုယ်ကိုယ်လူငယ်နဲ့တူအောင်လုပ်လာတယ်။ ကိုယ်အပါအဝင်ပဲ။ ဒါတောင် ရှက်လို့သိပ်မလုပ်ရဲဘူး။ စပို့ရှပ်တွေ၊ ဘာတွေဝတ်ချင်လာတယ်။ သာမန်ပြောတာ မဟုတ်ပါဘူး။ တော်တော်


များများမှာ တွေ့လာတယ်။ လူငယ်တွေကို အားကျတာ၊ အသိအမှတ်ပြုတာပါလိမ့်မယ် ထင်တယ်။

ကျွန်တော်တို့တုန်းနဲ့တော့ မတူတော့ဘူး။ ကျွန်တော်တို့တုန်းကလို အရင်မျိုးဆက်တွေရဲ့လွှမ်းမိုးမှု အခုလူငယ်တွေမှာ သိပ်ရှိမယ်မထင်ဘူး။ဒါလည်းထင်မြင်ချက်လောက်ပဲ ပြောနိုင်တာပဲ။ နောက်တစ်ခုက အရင်တုန်းကနဲ့စာရင် ရွေးစရာ အထိုက်အလျောက်ပွင့်လာတယ်။ ဒါပေမယ့် သိပ်ကြီးတော့ မဟုတ်သေးပါဘူး။ တစ်ခုပိုကောင်းတာက ကိုယ့်နိုင်ငံအပြင်ဘက်ကို ကျော်ကြည့်ရကောင်းမှန်း တော်တော်များများ သိလာတယ်။ ဒါတော့ techonology လည်း ပါမှာပေါ့။ ကျွန်တော်တို့တုန်းကနဲ့စာရင်တော့ scope နည်းနည်း ပိုကျယ်လာတယ်ထင်တယ်။ choice လည်း အထိုက်အလျောက် များလာတယ်ဗျာ။ စဉ်းစားစရာခွင်လည်းကျယ်လာတယ်။ ဒါပေမယ့် ခက်တာက အဲဒီလိုခွင်ကျယ်ကြီးထဲမှာကျတော့ တစ်ခုခုကို focus လုပ်ဖို့ အတွေ့အကြုံလောလောဆယ်တော့ ရှိချင်မှရှိလိမ့်မယ်။ ဘယ်သူကမှလည်း ခုနကပြောသလို guide လုပ်ပေးမယ့်သူ မရှိနိုင်ဘူး။ ကျွန်တော်တို့ကိုယ်တိုင်လည်း မသိတာတွေရှိတာပဲ။ ဒီအခြေအနေကြီးအောက်မှာခုလိုဖြစ်နေတာကိုကအထိုက်အသင့်တော့ သဘာဝကျတယ်ထင်တာပဲ။ ဒါပေမယ့် တစ်ချိန်ချိန် သူ့ဘာသာသူ ရွေးချယ်စရာတွေ့တဲ့သူ တွေ့သွားကြလိမ့်မယ် ထင်တာပဲ။

လောလောဆယ်တော့ အဲဒါပြောနိုင်တာပဲ။ သေသေချာချာ ပြောနိုင်တာတစ်ခုတော့ရှိတယ်။ ကျွန်တော်တို့နဲ့တော့ မတူတော့ဘူး။ မတူတဲ့အတွက် ကောင်းလား၊ ဆိုး

လား ဆိုတာတော့ ဆက်ပြောကြတာပေါ့။ တစ်ဦးချင်းအနေနဲ့ ပြောရင်တော့ ကောင်းသလိုလိုရှိလာတယ်မှတ်တာပဲ။ ကိုယ့်တုန်းကနဲ့စာရင်ပေါ့။

လူငယ်နှင့် မိဘတို့၏လမ်းညွှန်မှု



**ရှိုး ခုနက ဆရာဖေတို့၊ ဆရာကိုတာတို့၊ ဆရာအော်ပီကျယ်တို့ဆွေးနွေးကြတဲ့ အကြောင်းအရာမှာ လူငယ်နဲ့ပညာရေးကိစ္စတွေ၊ မိဘတွေရဲ့အခန်းကဏ္ဍတွေပါလာလို့ ဒါနဲ့ဆက်စပ်ပြီးတော့ မေးခွန်းလေးတစ်ခုလောက် တင်ပါရစေခင်ဗျား။ ဒီခေတ်မှာ မိဘတွေက လူငယ်တွေကို treat လုပ်တာ၊ ကိုင်တွယ်လမ်းညွှန်တာတွေနဲ့ပတ်သက်ပြီး ဆရာတို့ ဘယ်လိုမြင်ကြပါသလဲ။ ဆွေးနွေးပေးကြပါဦး။**

**ဖေမြင့်** ရိုးရိုးစဉ်းစားရင်တော့ မိဘနဲ့သားသမီးဆက်ဆံရေးတို့၊ ဘာတို့ဆိုတာ ဒီခေတ်ကျမှ ပြောင်းလဲသွားစရာတော့ အကြောင်းမရှိပါဘူး။ ကျန်တဲ့အခြေအနေတွေသာ ကွဲလွဲချင်ကွဲလွဲမယ်။ မိဘနဲ့သားသမီး ဆက်ဆံရေးကတော့ အရင်ခေတ်ကလည်း ဒီလိုပဲ။ ဒီခေတ်လည်း ဒီသဘောပဲ နေမှာပဲ။ ဒါက ရိုးရိုး human nature ကိုး။ မိဘအနေနဲ့ သူတို့မြင်တဲ့ဘက်ကပြောမယ်။ မိဘနဲ့လူငယ်ကြားမှာ ကွဲလွဲ တာလေးတွေက သူ့ဟာနဲ့သူတော့ ရှိမှာပေါ့။ ကိုရဲမိုးဆိုလိုတာကို နည်းနည်းပို တိတိကျကျလေး ပြောပေးပါလား။

**ရှိုး** ကျွန်တော်ဆိုလိုတာကလည်း အထွေထွေဆိုပေမယ့် ခုနပြောကြတဲ့ ပညာရေးနဲ့လည်း ဆက်နွှယ်နေပါတယ်။ အခုခေတ်မှာ လူငယ်တွေကအလယ်တန်းပညာရေးလောက်ကစပြီးတော့ မိဘတွေချပေးထားတဲ့လမ်းကြောင်းထဲမှာပဲ အချိန်ပြည့်လျှောက်နေကြရတယ်ဆိုတဲ့ မှတ်ချက်တွေလည်း ကြားကြရလို့ပါ။

**ဖေမြင့်** ကျွန်တော်မြင်တာက စောစောကပြောသလိုပဲ။ အရင်တုန်းကအနေအထားကတော့ အားလုံးလုပ်နေတဲ့ဟာကြီးကို လိုက်ရတာပေါ့ဗျာ။ ကိုယ့်ဘာသာ ဘာမှန်းညာမှန်း မသိဘူး။ ကိုယ့်ကို သူများခိုင်းနေသလား၊ ခိုင်းမနေဘူးလား တွေလည်း နားမလည်ဘူး။ ပတ်ဝန်းကျင်က pressure တွေနဲ့ ပါသွားနေတာပေါ့။ အဲဒီအချိန်တုန်းက တော့ လွတ်လွတ်လပ်လပ်ရွေးချယ်ခွင့် တော်တော်နည်းတယ်ပေါ့။ သို့သော် အခုအခါမှာလည်း ရွေးချယ်စရာတော့ ရှိသလိုပဲ။ ဒါပေမယ့် စောစောကပြောသလိုပဲ တကယ်တမ်းရနိုင်တဲ့ အနေအထားက နည်းနည်းတော့ နည်းသေးတာပေါ့။

**သန့်စင်ရှိန်** ဒီကိစ္စနဲ့ပတ်သက်ရင်၊ မိဘတွေက လူငယ်တွေနဲ့ ပတ်သက်ပြီးတော့ ဖြစ်နေတဲ့အမြင်ကိုပြောရလို့ရှိရင် တစ်ခုကတော့ လူငယ်တွေကို နားမလည်တာပဲ။ လူငယ်တွေ ဘောလုံးပွဲစိတ်ဝင်စားတာ၊ လူငယ်တွေ ကွန်ပျူတာဂိမ်း ကစားတာ၊ လူငယ်တွေ ပေါ့ပ်ဂီတတွေကြိုက်ကြတာကို နားမလည်ကြဘူး။ တစ်ခုက မင်း ဒီအတိုင်းလုပ်ရင် ပျက်စီးကုန်မယ်။ ဒါ သောကပေါ့။ နောက်တစ်ခုက လူငယ်တွေရဲ့ prospect ပေါ့ဗျာ။ အလားအလာနဲ့ပတ်သက်ပြီးတော့ လမ်းကြောင်းချတာ။ ဒီ ၃ မျိုးနဲ့ပတ်သက်ပြီးတော့ မိဘတွေနဲ့ လူငယ်တွေကြားမှာ ကွာဟနေတယ်။ အဲလိုဖြစ်တာလည်း သိပ်တော့မဆန်းပါဘူး။ ခုနက ဆရာဖေပြောတဲ့စကားနဲ့ သိပ်မကွာပါဘူး။ တစ်ခုက ဘာလဲဆိုတော့ မိဘတွေက သူတို့ဖြတ်သန်းခဲ့တဲ့ဘဝကနေပြီးတော့ ကြည့်နေတာကိုး။ ဒါကတစ်ခု။ နောက် ထုံးစံအတိုင်းပဲ မိဘနဲ့

လူငယ်ကြားမှာ ကွာဟတတ်တဲ့ ကွာဟချက်တွေရှိနေသေး တာကိုး။ အဲဒီလို ကွာဟချက်တွေရှိနေတဲ့အခါ လူငယ်ရဲ့ အနေအထားက မိဘနဲ့ဆက်ဆံရေးမှာ လူငယ်က ကြိုက် သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သူ့မှာ မပြည့်စုံသေး ဘူး။ လုပ်ချင်ကိုင်ချင်စိတ်ပဲ ရှိတာကိုး။ အဲဒီတော့ ဒီခေတ် မှာ အဓိကလွှမ်းမိုးနေတဲ့ ရေစီးကြောင်းကတော့ ဒီလူငယ် တွေကိုတွန်းခေါ်နေတယ်။ ဒါပေမယ့် အဲဒီရေစီးကြောင်း ကို မိဘတချို့က နားမလည်နိုင်ဘူး။ ခေတ်နဲ့အခြေအနေ ကို နားမလည်ဘူး။ နားမလည်တော့ ခုနသောကတွေ၊ စိုးရိမ်စိတ်တွေ ဖြစ်လာတယ်။

အခု ကျွန်တော့်မှာ ဆေးကျောင်းကဆင်းတော့မယ့် မိတ်ဆွေလေးတစ်ယောက်ရှိတယ်။ သူက ဆေးကျောင်းစာ ကလွဲရင် အကုန်ဖတ်တယ်။ အနောက်တိုင်းဝတ္ထုတိုတွေ၊ ဝတ္ထုရှည်တွေဆိုရင် အလွန်စိတ်ထက်သန်တယ်။ သူဆရာ ဝန်တစ်ယောက်ဖြစ်လာဖို့ကလည်းတစ်နှစ်လောက်ပဲ လို တော့တယ်။ ဒါပေမယ့် ကျွန်တော်သေချာသိတယ်။ သူ ဆရာဝန်ဖြစ်လာလို့လည်း တိုင်းပြည်အတွက် အကျိုးရှိမှာ မဟုတ်ဘူး။ သူဆရာဝန်ဖြစ်မယ်လို့တောင် ကျွန်တော် မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီရေစီးကြောင်းတစ်ခု မှာ သူဝင်ခဲ့တာကိုး။ သူ့အလုပ်သူနားလည်တဲ့အချိန်မှာ ဒါကိုပြင်ဖို့အတွက် နောက်ကျသွားပြီ။ အခုအခြေအနေမှာ တော့ မိဘတွေရဲ့နားမလည်မှုက ကျွန်တော်တို့ခေတ်က ထက်တောင် နည်းနည်းပိုဆိုးသွားပြီ။ ပိုဆိုးသွားတယ်ဆို တာက ခေတ်ရဲ့အပြောင်းအလဲတွေက များတယ်။ အရှိန် အဟုန်တွေက မြန်ဆန်တယ်။ အဲဒါတွေကို အမီလိုက် နား

လည်နိုင်အောင် ကြိုးစားနေတယ်ဆိုတာကိုက ကျွန်တော်တို့မီဒီယာလောကမှာတောင် လူများများမရှိပါဘူး။လူတချို့လောက်ပဲ အမီလိုက်တယ်။ ကျန်တဲ့လူတွေဆိုရင် နားလည်ဖို့ တော်တော်ကိုခက်ပါတယ်။

အဲဒီတော့ ဒီနေ့လူငယ်တွေရဲ့ မျှော်လင့်ချက်တွေ၊ စိတ် ထက်သန်မှုတွေကို သူတို့နားမလည်တော့ဘူး။ သူတို့သိ နေတဲ့ စီးကြောင်းကြီးထဲကိုပဲ သူတို့က တွန်းပို့ချင်တယ်။ လူငယ်တွေက ဖြစ်နေတဲ့ခေတ်ပေါ်ရေစီးကြောင်းထဲကို ဝင်ချင်တယ်။ အဲဒီအချက်အောက်မှာ အရင်ခေတ်ကနဲ့ ကွာတာက ကျွန်တော်တို့က တည်ရှိနေတဲ့ဆက်ဆံရေးမှာ ကျွန်တော်တို့ အလိုက်သင့်အလျားသင့် ကူးခဲ့ရတာဖြစ်တယ်။ ဒါပေမယ့် ရေစီးကြောင်းက အပြောင်းအလဲတချို့ ရှိလာတယ်။ ဒါကတော့ ကျွန်တော်တို့လူ့အဖွဲ့အစည်းက ပြောင်းသည်ဖြစ်စေ၊ မပြောင်းသည်ဖြစ်စေ ခေတ်ကာလရဲ့အခြေအနေက ပြောင်းနေပြီ။ ဒါကို နားမလည်တော့ဘူး။ ဒီတော့ ကိုယ့်သားသမီးတွေကို guide line မှန်မှန်ကန်ကန် ချမပေးနိုင်တော့ဘူး။ နားမလည်တော့ဘူး။ အဲဒီလို ဖြစ်နေတယ်။ အဲဒီတော့ လူငယ်တွေဟာ လမ်းဆုံလမ်းခွမှာ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်။ ကျွန်တော်တော့ အဲဒီလို ခံစားရတယ်။

**ကိုတာ** ကျွန်တော် ပြောချင်တာကဗျာ . . . အပြောင်းအလဲတွေက ဘာပဲရှိရှိ ရှိမှာပေါ့။ အပြောင်းအလဲတွေက အမြဲတမ်းပြောင်းလဲနေတာပဲ။ distraction တွေရှိမယ်ပေါ့။ temptation တွေပေါ့။ ဆွဲဆောင်တာတွေ၊ ဖြားယောင်းတာတွေ၊ သိမ်းသွင်းတာတွေရှိမယ်။ ဒါပေမယ့် ဘာပဲရှိရှိ



အပြောင်းအလဲဆိုတာက
လူငယ်ရော၊ မိဘရော အပြောင်းအလဲကိုခံရတာလေ။
အဲဒီတော့ အပြောင်းအလဲကိုမသိတာ
လူငယ်ရော၊ မိဘရော မသိတာ။
ဒါပေမယ့် ကျွန်တော့်အမြင်က
အပြောင်းအလဲကို [illegible] ဖြစ်ဖို့အတွက်
[illegible] က မိဘထက် လူငယ်ကပိုသာတယ်။
မိဘကပြောင်းတာက နှေးတယ်။
လူငယ်ကပြောင်းတာက ပိုမြန်နေတယ်။
သို့သော် ကျွန်တော်တို့ကလည်း မိဘဆရာအနေနဲ့
ဘဝအတွေ့အကြုံကျတော့ သူတို့ထက်များတယ်။

လေ လူငယ်ဆိုတာ foundation ထူရမှာ။ သူ found လုပ်တဲ့အချိန်မှာ တစ်ခုခုတော့ တတ်ကိုတတ်ရမယ်။ အဲဒီ လောက်တော့ ထားရမယ်ဗျ။ ကွန်ပျူတာဂိမ်း သွားကစား ချင် ကစား။ ဒါပေမယ့် ငါတို့ တစ်ခုခုတော့ ရရမယ်ပေါ့။ ငါ skill တစ်ခုခုတော့ တတ်မှဖြစ်မယ်ဆိုတဲ့စိတ်မျိုး ရှိရ မယ်။ အဲဒီလိုတတ်ဖို့ကို မိဘကလည်းလုပ်ပေးရမယ်။ တစ်ခုခုဆိုတာက သူကြိုက်တဲ့ဟာတစ်ခုခုပေါ့။ ဒါပေမယ့် ဒီမှာ ဖြစ်နိုင်တဲ့ဟာတစ်ခုခုပေါ့။ သူဟာ သူ့ဘဝအခြေ အနေကောင်းဖို့ ဒီထက်မြင့်လာဖို့ တစ်ခုခုတော့တတ်ရမယ် ဆိုတာလောက်တော့ ပြောရမယ်။ ကျွမ်းကျင်မှုတစ်ခုခုရ ဖို့အတွက် မင်းလုပ်မှဖြစ်မယ်ဆိုတာ မိဘက ပြောရမယ်။ ဒါ ဘာမှခက်တာမှ မဟုတ်တာ။ လူငယ်နဲ့၊ သူ့ဆရာနဲ့၊ မိဘနဲ့ အကုန်လုံးတိုင်ပင်ပြီး လုပ်ရမှာပေါ့။

**ရဲမိုး** ဆရာအော်ပီကျယ်လည်း ပြောပါဦးဆရာ။ ကျွန် တော်က ဆရာ့သားသမီးတွေကို treat လုပ်တာနဲ့ပတ်သက် ပြီး တော်တော်စိတ်ဝင်စားတာ။ ဆရာ့အမြင် ပြောပါဦး။

**အော်ပီကျယ်** ကျွန်တော်ကတော့ စောစောက ဆရာဖေတို့ ပြောသလိုပါပဲ။ ကိုယ့်မိဘကျတော့ အဖေက ပညာတတ် ပါတယ်။ ဒါပေမယ့် ကျန်းမာရေးက တော်တော်မကောင်း တော့ အိပ်ရာထဲလဲနေတယ်။ အမေကတော့ တောသူပေါ့ လေ။ ဆိုတော့ ကိုယ့်ကို treat လုပ်ခဲ့တာက တစ်မျိုးပေါ့။ ကိုယ်ကတော့ မိဘများကို အပြစ်မတင်ပါဘူး။ တချို့ဆူ တာ၊ ရိုက်တာနှက်တာတွေက ကိုယ့်ကို ပိုပြီးတော့ကောင်း စေချင်တဲ့အချက်တွေ ရစေခဲ့ပါတယ်။ ဒါပေမယ့်ကျွန်တော် တို့ကျတော့ ပညာလေးနည်းနည်းတတ်လာပြီ။ ကျွန်တော်

treat လုပ်တဲ့ပုံစံကတော့ မတူတော့ဘူး။ ကိုယ့်တုန်းက လိုအပ်ချက်တွေ၊ အားနည်းချက်တွေမျိုးမရှိအောင် သတိတော်တော်ထားတယ်။ ဒါပေမယ့် ပြောင်းလဲတဲ့အခါမှာကျတော့ စောစောကပြောသလိုပဲ။ သမီးက ၁၀ တန်းရောက်တော့ တချို့ကအထင်ကြီးပြီး ကျွန်တော့်သမီးဆိုတော့ ဆရာ့သမီးကို ဘယ်လိုရည်မှန်းချက်တွေ ထားသလဲပေါ့။ ကျွန်တော်ကလည်း ဖြေပါတယ်။ မသိဘူးလို့။ ကျွန်တော် တကယ်မသိတာပါ။ ကျွန်တော့်သမီးကိုလည်း မမေးပါဘူး။ သူ မသိဘူးဆိုတာ ကျွန်တော်သိတယ်။ အပြောင်းအလဲဆိုတာ လူငယ်ရော၊ မိဘရော အပြောင်းအလဲကို ခံရတာလေ။ အဲဒီတော့ အပြောင်းအလဲကိုမသိတာလူငယ်ရော၊ မိဘရော မသိတာ။ ဒါပေမယ့် ကျွန်တော့် အမြင်က အပြောင်းအလဲကို adapt ဖြစ်ဖို့အတွက် adaptation က မိဘထက် လူငယ်ကပိုသာတယ်။ မိဘ ပြောင်းတာက နှေးတယ်။ လူငယ်ပြောင်းတာက ပိုမြန်နေတယ်။ သို့သော် ကျွန်တော်တို့ကလည်း မိဘဆရာအနေနဲ့ ဘဝအတွေ့အကြုံကျတော့ သူတို့ထက်များတယ်။ အပြောင်းအလဲကသာ နှေးတာလေ။ ဆိုလိုတာက ကျွန်တော်တို့ ကဆရာတာ ခုနပြောသလို guide line ကိုပဲချပေး။ ဒါပေမယ့် အဲဒါကို သူ ဘယ်လိုပြောင်းရမယ်ဆိုတဲ့ပုံစံကိုတော့ ကျွန်တော်တို့မသိလောက်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကွန်ပျူတာနဲ့ပတ်သက်လာရင် ဆရာတာလည်း ရိုးရိုးပဲ။ ဘာမှသိပ်မသိလောက်ဘူး။ ဆရာ့သားက ပိုသိနိုင်တယ်။ ဒါပေမယ့် အဲဒီအရာကို ပိုလုပ်ဖြစ်အောင်လို့ ဘယ်လို စနစ်တကျသွားရမယ်ဆိုတာကို

တော့ မသိဘူးပေါ့ဗျာ။ တွန်းပို့ဖို့ကလည်း ခေတ်ကပြောင်းနေတာဆိုတော့ ကိုယ်လည်း ကူညီချင်သလောက်တော့ မကူညီနိုင်ဘူး။ မင်း ဆေးမှန်မှန်စားလို့ပဲပြောတတ်တာ။ ဘာဆေးစားလို့တော့ မပြောတတ်ဘူး။

**ရဲမိုး** အခုအကြောင်းအရာနဲ့ပတ်သက်ပြီးတော့ ဆရာကျော်ဝင်းကလည်း တခြား အာရှနိုင်ငံတွေနဲ့လည်း ဆက်စပ်ပြီးတော့ ဆွေးနွေးပေးပါဦး။

**ကျော်ဝင်း** ဟိုတလောက ကျွန်တော် ဆောင်းပါးတစ်ပုဒ် မှာရေးပြီးသားပါ။ အာရှမျိုးနွယ်တွေအကြောင်းပေါ့။ ဟိုတုန်းကတော့ Red Generation တွေပေါ့။ ကျွန်တော်တို့လည်း အဲဒီအထဲမှာ အကြုံးဝင်မယ်ထင်ပါတယ်။ ထားလိုက်ပါတော့။ ပြီးပါပြီ။ နောက်ပိုင်း ကျားတွေပေါ်ပြီးတော့ Yellow Generation လို့ခေါ်တယ်။ တကယ်က အဲဒါအောက်သွားပြီ။ အခုနောက်ပိုင်း ၁၉၉၇ စီးပွားရေးအကြပ်အတည်းနောက်ပိုင်းမှာ Yellow Generation ကို ထပ်ခွဲကြည့်ကြတာတွေ ရှိတယ်။ နည်းနည်းစိတ်ဝင်စားဖို့ကောင်းတယ်။ ဘာပြောသလဲဆိုတော့ စီးပွားရေးအကြပ်အတည်းမတိုင်ခင်ပေါ့လေ။ အဲဒီတုန်းက လူတွေကို သူတို့က What If Generation လို့ခေါ်တယ်။ ကြိုက်သလို ဘာသာပြန်ကြည့်ပေါ့။ သူတို့က အရင် Red Generation နဲ့တော့ မတူတော့ဘူး။ Focus တစ်ခုတော့ ရှိလာတယ်။ အထူးသဖြင့်တော့ စီးပွားရေး focus ထဲ ရောက်လာတယ်။ ဒါပေမယ့် သူတို့မှာ ဘာအားနည်းချက် ရှိနေသလဲဆိုတော့ တစ်ခုခုဖြစ်ရင် ဘာလုပ်မလဲဆိုတဲ့ စိုးရိမ်စိတ်တွေရှိနေတယ်။ သူတို့လုပ်ရတဲ့ စီးပွားရေးဆိုတာကို

ကလည်း တကယ်ပြောရရင်တော့ connection နဲ့သွား ရတဲ့ စီးပွားရေးများတယ်။ အဲဒီတော့ အဲဒီအပေါ်မှာ သူတို့က ချိန်ချိန်ဆဆနဲ့ လုပ်ကြတာ။ နောက်ဒီဘက်နောက်ပိုင်း နေရာရလာတဲ့သူတွေကိုတော့ Can Do Generation လို့ခေါ်ကြတယ်။ ပိုပြီး လုပ်ရဲကိုင်ရဲတဲ့သူတွေပေါ့။ အဲဒါနဲ့ နည်းနည်းတွဲဖက်ပြီး စဉ်းစားလိုက်တော့ တကယ်တော့ What If Generation တို့၊ ဘာတို့က ဘာပဲပြောပြော နည်းနည်းတော့ အမြော်အမြင်ပိုရှိလာတယ်ပေါ့။ အမြော်အမြင် ရှိတယ်ဆိုတာထက် စီးပွားရေးလုပ်တယ်ဆိုရင်ကိုပဲ ဒီအတိုင်းဆက်သွားလို့ မရတော့ဘူး။ အနည်းဆုံး ကမ္ဘာ့အမြင်ရှိဖို့လိုမယ်ဆိုတာလောက် သူတို့သိတယ်။ အဲဒီတော့ ဟိုတုန်းကလို ကိုယ့်ပြည်တွင်းလောက်နဲ့ မတင်းတိမ်တော့ဘူး။ ကိုယ့်သားသမီးကို နိုင်ငံခြားပို့ပြီး ကျောင်းထားတာတွေ ရှိလာတယ်။ အဲဒီအကျိုးဆက်တွေက ဒီနေ့အာရှနိုင်ငံတွေကို ပြန်အကျိုးပြုပေးတယ်။ အဲဒီလိုနဲ့ ပထမ What If တွေက သူတို့သားသမီးတွေတော်တော်များများကို တတ်နိုင်ရင်တတ်နိုင်သလောက် အထူးသဖြင့်တော့ western နိုင်ငံတွေ၊ များသောအားဖြင့်တော့ အမေရိကန်နိုင်ငံကို များပါတယ်၊ ပို့ကြတယ်။ ဒါပေမယ့် သူတို့က တခြားနိုင်ငံတွေသွားပြီး နိုင်ငံခြားတက္ကသိုလ်တွေ တက်လိုက်လို့ရှိရင် တို့ထက်တော့သာမှာပဲလို့ ဒီလောက်ပဲ သူတို့ တွက်တတ်တယ်။ ဘယ် subject သင်ပါလောက်အထိ သူတို့ guide line မချနိုင်ဘူး။ သူတို့မသိဘူး။ သူတို့သိတာက သူတို့စီးပွားရေး၊ ပြည်တွင်းပေါ့။

အဲဒီမှာ လူတစ်ယောက်အကြောင်းရှိတယ်။ သူက သူ့

သားကို Commerce တက်စေချင်တယ်။ အဲဒီလိုနဲ့ MIT ကိုရောက်သွားတယ်။ ဟိုကျတော့ သွားတဲ့သူတွေအားလုံး က စီးပွားရေးထက် သူတို့စိတ်ဝင်စားတာက IT ဖြစ်နေ တယ်။ တော်တော်များများက Computer Technology ယူပစ်တယ်။ ခုနကပြောတဲ့ကောင်ကျတော့ ကိုရီးယားက ချာတိတ်။ သူ Computer Technology ယူမယ်ဆိုတော့ သူ့အဖေက သိပ်ဒေါသထွက်တယ်။ ဒီကောင့်ကို အလ ကားကောင်ပေါ့လေ။ ဘယ်တော့မှ အောင်မြင်မယ့်ကောင် မဟုတ်ဘူးပေါ့။ ဒါပေမယ့် ခုနောက်ပိုင်း ၉၇ နောက်ပိုင်း မှာ အင်ဒိုနီးရှားမှာ ပထမဆုံး အင်တာနက်ကုမ္ပဏီ စထောင်တာ ဒီကောင်ပဲ။ အဲဒီတော့ စောစောကပြောတဲ့ ပထမမျိုးဆက်ပေါ့။ What If Generation တွေက အရင်မျိုးဆက်တွေထက်တော့ အမြော်အမြင်တော့ ပိုရှိ လာတာပေါ့။ ကိုယ့်သားသမီးတွေကို ပညာရေးရင်းနှီးမြှုပ် နှံရကောင်းမှန်း သိလာတယ်။ ဒါပေမယ့် အခုနောက်ပိုင်း နိုင်ငံခြားပြန်တွေ တစ်ခုကောင်းတာက ပညာယူပြီး ကိုယ့် တိုင်းပြည်ကို ပြန်လာကြတယ်ဗျ။ ပြန်လာပြီး ကိုယ့်တိုင်း ပြည်စီးပွားရေး ဝင်လုပ်ကြတယ်။ အခုနောက်ပိုင်း အာရှ နိုင်ငံတွေ အခြေအနေသိပ်ဆိုးမသွားတာ၊ ပြန်ပြီး အကြပ် အတည်းထဲကထွက်လာနိုင်တာ အဓိကဦးဆောင်တာ အဲဒီ ချာတိတ်တွေပဲ။

ဒါပေမယ့် ဒီကောင်တွေကလည်း သူတို့အဖေတွေ သင်စေချင်တာတော့ သွားသင်တာမဟုတ်ဘူး။ ကိုယ့်ဘာ သာ သင်ချင်တာတွေသင်ပြီး ပြန်လာတာ။ နောက်ဆုံးတော့ စဉ်းစားမိတာက ခုနပြောတဲ့ treat လုပ်တာတို့၊ guide

line ချတာတို့က လိုတာတော့လိုမှာပေါ့ဗျာ။ အဆုံးအဖြတ်တော့မဟုတ်ဘူးထင်တယ်။ အဲဒီတော့ ရွေးရဲတဲ့ကိုယ်ရည်ကိုယ်သွေးရှိဖို့၊ ရွေးရဲတဲ့သတ္တိရှိဖို့တော့ မိဘတွေက အကူအညီပေးဖို့ လိုချင်လိုမယ်ပေါ့။ treat တွေများသွားရင် guide ဖြစ်သွားမယ်။ guide ဆိုရင်သိပ်မကောင်းတော့ဘူး။ ကျွန်တော်တို့က guide ဆိုရင် နည်းနည်းကြောက်လာ ပြီ။ guide တွေရဲ့အောက်မှာ ဒုက္ခတွေများခဲ့တာတွေက ရှိလာတယ်။

**ဖေမြင့်** ကျွန်တော်မြင်တာတော့ စောစောက ကိုသန်းစိုးနိုင် မြင်သလိုပဲ။ အခြေအနေတွေပေါ့လေ။ အခြေအနေတွေအပေါ်မှာကလည်း အတော်ကလေးမူတည်နေတယ်လို့မြင်တယ်ဗျာ။ မိဘနဲ့လူငယ်မှာ မိဘက guide လုပ်တယ်။ ထိန်းတယ်။ လူငယ်က သူ့ဘာသာသူလုပ်ချင်တယ်။ စောစောက ကိုကျော်ဝင်းပြောသလို သူများတိုင်းပြည်တွေမှာ ဒီခေတ်ကာလနဲ့ ပိုပြီးတော့အပ်စပ်တဲ့၊ ပညာဗဟုသုတ ရလာတဲ့၊ အမြင်ကျယ်လာတဲ့လူငယ်တွေက စီမံခန့်ခွဲခွင့်ရလာတယ်။ ဒါကလည်း အဲဒီလိုလုပ်နိုင်တဲ့ အခြေအနေလေးတွေရှိတာလည်း ပါမှာပေါ့ဗျာ။

ကျွန်တော် အရင် ၂ နှစ်လောက်ကလား၊ ၃ နှစ်ကလား မသိဘူး။ Digest article တစ်ခုဗျ။ အက်စ်တိုးနီးယားအကြောင်းရေးတာ ဖတ်ရဖူးတယ်။ အက်စ်တိုးနီးယားက သိတဲ့အတိုင်းပဲ။ တိုင်းပြည်သေးသေးလေး။ ဆိုဗီယက်အင်ပိုင်ယာက လွတ်ထွက်လာတဲ့အခါမှာ ဒီတိုင်းပြည်ကလေးမှာက တကယ်လုပ်မယ့်သူ၊ ဦးဆောင်မယ့်သူက သိပ်မရှိသလိုဖြစ်နေတယ်။ လူဦးရေနည်းတယ်။ ရှင်းရှင်းပြော

ရရင် အသက်ကြီးပြီး အတွေ့အကြုံရှိပြီးသား မိဘတွေက လည်းပဲ ဟိုဟာနဲ့သိပ်ပြီးတော့ ဆက်စပ်ပတ်သက်ခဲ့တော့ အနေအထား အရမ်းပြောင်းလဲသွားတဲ့အခါ မရတော့ဘူး။ ဒီမှာ ကျွန်တော်ဖြတ်ပြောချင်တာက တိုင်းပြည်တိုင်းမှာ generation gap တို့ ခေတ်ပြောင်းနေတာတို့ရှိတာပဲ။ ဒါပေမယ့် အမေရိကားမှာ ပြောင်းနေတာတို့ အင်္ဂလန်မှာ ပြောင်းနေတာတို့က ခုနက အက်စ်တိုးနီးယားလိုနေရာမျိုးမှာ ပြောင်းတာနဲ့မတူဘူး။ အသက်ကြီးလို့ ကြီးတဲ့သူနဲ့ ငယ်တဲ့သူကြား ကွာဟတာတင်မကဘူး။ ခေတ်စနစ် အနေအထားကပါ လုံးဝပြောင်းလဲသွားတာဆိုတော့နှစ်ထပ်ကွမ်းပြောင်းသလို ဖြစ်တာပေါ့။ ဆိုတော့ အက်စ်တိုးနီးယားကျတော့ အတွေ့အကြုံရှိတဲ့မိဘတွေ၊ တွေးနိုင်ခေါ်နိုင်တဲ့ မိဘတွေကလည်း ဟိုပြန့်ဒီပြန့်ဖြစ်နေတော့ လူငယ်ပိုင်းက ဦးဆောင်နိုင်တဲ့ အနေအထားလည်း ရသွားတယ်။ လူငယ်ကလည်း အဲဒီအသစ်ထဲမှာ အံဝင်ခွင်ကျဖြစ်နေတာကိုး။ အဲဒီတော့ စက်ရုံ၊ အလုပ်ရုံမန်နေဂျာတွေ၊ ဘာတွေဆိုရင်လည်း အသက် ၂၀ ကျော်တို့၊ ဘာတို့ပေါ့ဗျာ။ လူငယ်ဟာ ကဏ္ဍအားလုံးမှာဦးဆောင်နေတယ်ဆိုတဲ့ အနေအထားမျိုး ရောက်သွားတာပေါ့။ ဒီမှာ ကျွန်တော်မြင်တာက သူ့မှာလည်း အဲဒီလိုလုပ်ဖို့ အခွင့်အရေးရသွားခဲ့တယ်လို့ပဲ။ အနေအထားလေးက သူတို့ကိုပေးထားတာကိုး။

နောက်တစ်ခုက လူငယ်က adapt လုပ်တယ်ဆိုတာမှာ ကျွန်တော်ထင်တယ်။ လူငယ်မှာ အထဲထဲမှာက အများကြီးမရှိသေးဘူးဗျ။ အဲဒီတော့ သိပ် adapt လုပ်စရာမလို

ဘူး။ အသစ်ဆိုရင် ဝင်တာပဲ။ ကျွန်တော်တို့ မိဘတွေကျ တော့ နဂိုကရှိထားတာတွေ၊ မှတ်ထားတာတွေများတော့ နောက်လာတဲ့ဟာကို ချိန်နေရတယ်။ ကိုယ့်ဟာလေးနဲ့ ငြိသွားမလား၊ ဒီဟာဝင်လာရင် ဟိုဟာပြုတ်သွားမလားဆိုတဲ့ ဟာမျိုး ရှိတဲ့အခါကျတော့ ကျွန်တော်တို့က adapt လုပ်ဖို့ နည်းနည်းလေးခက်တယ်။ တော်တော်မြင့်တဲ့လူကျမှ ဒါတော့ ပြင်ရမယ်ဆိုတာမျိုးလေး သိလာတယ်။ လူငယ် အဖို့ကတော့ အများကြီး adapt လုပ်စရာမလိုဘူး။ သူ့မှာ အားလုံးအသစ်ပဲ။ မိဘပြောတာလည်း သူ့အတွက် အသစ်ပဲ။ဒါကြီး အဟောင်းကြီးလို့သူမသိဘူး။ အသစ်တွေပဲ။ သူ့စိတ်နဲ့တွေ့တာ၊ လက်ငင်းအနေအထားနဲ့ ကောင်းမယ်လို့ထင်တာကို ယူတာကိုးဗျ။ ဆိုတော့ သိပ္ပံပညာရပ်ဖြစ်စေ၊ စီးပွားရေးရာဖြစ်စေ အခုအသစ်ဖြစ်ထွန်းနေတဲ့ ဟာတွေကို ပတ်ဝန်းကျင်မှာမြင်ရတာ၊ တီဗီမှာမြင်ရတာ၊ အင်တာနက်ကတွေ့ရတာစသဖြင့်သူ့အထဲကိုဝင်လာမှာပဲ။ သူ ကောင်းတယ်ထင်တာ၊ သူစမ်းကြည့်လို့ရမယ် ထင်တာတွေ သူလုပ်မှာပဲ။

**ကျော်ဝင်း** ဟုတ်တော့ ဟုတ်တယ်။ သူပြောတာကော၊ ကိုတာ ပြောတာကော။ အဲဒါတော့ စဉ်းစားမိတယ်ဗျ။ သဘောလည်း ယေဘုယျအားဖြင့်တော့ တူတယ်။ ထားပါတော့ဗျာ။ ဒါကတော့ တချို့ဟာတွေက အခြေအနေအရ ဖြစ်နေကြတာ။

အခု လူငယ်တော်တော်များများမှာ တွေ့နေရတာ သိပ် ထွေပြားနေလားလို့။ အဲဒါ သိပ်မကောင်းဘူး။

**ရဲမိုး** ဘယ်လိုပုံစံမျိုးလဲ ဆရာ။ ရှင်းပြပေးပါဦး။
**ကျော်ဝင်း** တစ်ခုခုအပေါ် focus မရှိတော့ မကောင်းဘူး ထင်တယ်။ ဒါကလည်း မကောင်းဘူးထင်တယ်လောက်ပါ။ ဘာလုပ်ပါ၊ ညာလုပ်ပါအထိတော့ ပြောစရာအကြောင်းမရှိဘူး။ အဲဒီလိုပြောလို့ သဘာဝမကျဘူး။ အဲဒီတော့ တစ်ခုခုတော့ နည်းနည်းရှိရင်ကောင်းမယ်ထင်တယ်။
**ကိုတာ** ကျွန်တော်ပြောမယ်။ ဘယ်မှာပဲဖြစ်ဖြစ်ပါ။ အခု အမေရိကားမှာ Liberal Arts ကျောင်းတွေ 1st year မှာ ဘာလုပ်သလဲဆိုတော့ critical enquiry ဆိုပြီးတော့လုပ်တယ်။ critical enquiry ဆိုတာ၊ ဥပမာ ကျွန်တော်တို့ ဒီလိုမျိုး discussion လိုပဲပေါ့။ တစ်နေ့တစ်ခုပေါ့။ ခေါင်းစဉ်တွေကလည်း အများကြီးပဲဗျ။ အဲဒီမှာ HIV/AIDS အကြောင်းလည်းပြောတယ်။ နောက်တစ်ခုက အိမ်တွေအကြောင်း old homes and new homes ပြောမယ်။ အဲဒါမျိုး။ နောက်တစ်ခုက Pilgrimage တဲ့။ ဘာသာရေးနဲ့ ပတ်သက်တာလည်း ပါတယ်။ cloning, chaos စတဲ့ သိပ္ပံအကြောင်းအရာတွေပါမယ်။ အဲဒါမျိုးတွေကို ကျယ်ကျယ်ပြန့်ပြန့် discuss လုပ်စေပြီးမှ နောက်တစ်နှစ်ကျမှ မေဂျာကိုရွေးခိုင်းတယ်။ seminar တွေတက်ခိုင်းတယ်။ အဲဒီတော့ ကြိုပြီးစာဖတ်ခဲ့ရတယ်။ လူငယ်တွေကို စာဖတ်ခိုင်းတာပေါ့။ discuss လုပ်မယ်ဆိုတော့လည်း ဖတ်ရတော့တာပေါ့။ အဲဒီတော့ လူငယ်က သူလုပ်ရမယ့်အရာ ဘယ်မှာရှိတယ်ဆိုတာ သိတာပေါ့။ 2nd Year ပြီးမှ မေဂျာကို ရွေးခိုင်းတာဗျ။ ဒါပေမယ့် သူတို့ဆီမှာလည်း ဒီမှာလိုမျိုး midlife career changes ၃၀ ရာခိုင်နှုန်းလောက်ရှိတယ်။

အဲဒီမှာ တစ်ယောက်က ကျောင်းကိုစတက်တုန်းကတော့ ဆရာဝန်လုပ်ဖို့တက်တာပဲတဲ့။ နောက်တော့ ဆရာဝန် မလုပ်ဖြစ်ဘဲနဲ့ Physics လားမသိဘူး သင်ဖြစ်တယ်။ ကျောင်းပြီးတော့ကျတော့ investment analyst မျိုး၊ stock ရောင်းတဲ့အလုပ်မျိုး နောက်တစ်မျိုးနဲ့။

ဆိုလိုတာက ဘယ်သူမှတော့ မသေချာဘူး။ ဒါပေမယ့် မသေချာချာ၊ သေချာချာ တစ်ခုခုတတ်ဖို့တော့ လုပ်ရမယ်။ နောက်တစ်ခုက သူတို့ဆီမှာလုပ်တဲ့ဟာရှိတယ်။ စကားပြောရတယ်၊ စာရေးရတယ်ပေါ့ဗျာ။ ဒီနှစ်ခု။ ပညာတတ်ဆိုရင် ရေးတာရော၊ စကားပြောတာရောလိုတယ်။ debate လုပ်ခိုင်းမယ်။ သူတို့ကိုစာရေးခိုင်းမယ်။ အဲဒါမျိုးပေါ့။ intellectual ဆိုတဲ့လူမှန်သမျှ အဲဒီလိုမျိုးရှိရမယ်။ စကား ပြောမယ်ဆိုကတည်းက စာမဖတ်လို့မရတော့ဘူး။ အဲဒီလိုကို train လုပ်ပေးတာ။ ဒီမှာလည်း တချို့ကျောင်းလေးတွေ၊ တချို့ church တွေမှာလည်း discussion လေးတွေရှိတယ်။ ကောင်းတယ်။ အဲဒီကမှ ကိုယ်လုပ်ရမှာ ဘာဆိုတာသိလာတာ။

**ကျော်ဝင်း** လူတစ်ယောက်မှာ ကိုယ့်ဝါသနာ ဘယ်မှာရှိတာ သိဖို့ဆိုတာ မလွယ်လောက်ဘူးဗျ။

**ကိုတာ** သိပ်ခက်တာ။

**ကျော်ဝင်း** ကျွန်တော်တော့ ခုအချိန်ထိကို မသေချာဘူး။ ကျောင်းသားတုန်းကဆိုတာ မပြောနဲ့တော့။

**ကိုတာ** သူတို့ဆီမှာ လုပ်တာလေးတွေကတော့ သိပ်ကောင်းတာပဲဗျ။ နောက်တစ်ခုက ကျွန်တော့်အယူအဆပြောတာနော်။ ကလေးတွေက instruction ကိုကြိုက်

ကို ကြိုက်တယ်။ လိုချင်တယ်။ သူတို့ဆီမှာလည်း အဲလို တွေ ရေးတယ်ဗျ။ They want instructions. တဲ့။ Also they need instructions.တဲ့။ ကျွန်တော်က ကျွန်တော့် သားကို တို့တိုင်းပြည်နဲ့ လိုအပ်တဲ့ဟာမျိုးကိုလုပ်ဖို့ ပြော ရမယ်။ ပြီးရင် မင်းက English အနေနဲ့ သိပ်မတော်နိုင် တော့ Sociology ၊ Anthropology စတဲ့ ကျန်တဲ့ဟာ တွေ လုပ်မယ့်အစား Science တို့၊ ဘာတို့မကောင်းဘူး လားပေါ့။ အဲလောက်ကတော့ ပြောနိုင်ရမယ်။ မင်း ဒါ လုပ်ကိုလုပ်ရမယ်ဆိုတာမျိုး ပြောတာမဟုတ်ပါဘူးဗျာ။ ဒါပေမယ့် They want instruction.

**ပေမြင့်** ကျွန်တော် စဉ်းစားမိတာ တစ်ခုကတော့ဗျာ၊ တက္ကသိုလ်ပညာရေးပုံစံကလည်း ပြောင်းလာတယ်။ ကျွန် တော်တို့ခေတ်ကအနေအထားနဲ့ မတူတော့ဘူး။ ကျွန်တော် တို့ မသိဘူး။ ကိုအော်ပီကျယ် မသိဘူးဆိုတာလည်း ဒီ အတိုင်းပဲ။ ဘာလို့လဲဆိုတော့ ကျောင်းတွေ ဘယ်လောက် ခွဲထားတယ်။ subject တွေ ဘယ်လောက်ခွဲထားတယ် မသိဘူး။ ဘာနာမည်တွေလဲ မသိဘူး။ subject နာမည် တွေက အသစ်တွေဗျာ။ ကလေးတွေကတော့ ကျောင်း သွားနေရတဲ့အတွက်ကြောင့် သူက နည်းနည်းပါးပါး နား လည်ပါးလည်ဖြစ်နေတဲ့အတွက် ကျွန်တော်တို့က ဒီအတိုင်း လွှတ်ထားတဲ့သဘောလည်း ရှိတယ်။ ဒါပေမယ့် ပညာ သင်ပြီးတဲ့နောက်မှာ ဘာဆက်လုပ်ရမယ်ဆိုတဲ့ ပြဿနာ ကျတော့ ကျွန်တော်တို့ အသာနေလို့မရတော့ဘူး။ဒါပေမယ့် လောလောဆယ်မှာ ပညာအပြောင်းအလဲ၊ ခေတ်ပညာ အပြောင်းအလဲတွေက မပီပြင်သေးတဲ့အခါကျတော့ ဘာ

ပြောရမှန်းမသိ၊ လူငယ်ကလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတာလို့ ကျွန်တော်ထင်တယ်။

စောစောကပြောတာတွေကို စကားလုံးပြင်ရမယ် ဆိုရင် မှန်းမျှော်ခွင့်တွေတော့ အရင်တုန်းကထက်များလာတယ်။ ရယူနိုင်မှုအပိုင်းမှာတော့ အားနည်းနေသေးတယ်။

**ကျော်ဝင်း** လက်တွေ့လုပ်စရာတွေကတော့ သိပ်မကွာဘူး ထင်တာပဲ။ အခုလည်းပဲ အမှတ်အများဆုံးရတဲ့ကလေးက ဆေးကျောင်းလျှောက်တာပါပဲ။

**ကိုတာ** ကျွန်တော်ပြောချင်တာက ဆေးကျောင်းလျှောက်ရင်လည်းပဲ တက်ပြီးရင် မကျေနပ်သေးရင် ဆက်သွားလို့ရတာပဲ။ FRCS, MRCP ရှိတယ်။ အခုပြဿနာက ဘာလဲဆိုတော့ ဒေါက်တာဒေါ်မြင့်မြင့်ခင်နဲ့တွေ့လို့ သိတာပါ။ FRCS, MRCP ကြိုးစားကြတဲ့အခါမှာ ပြဿနာတက်နေတာက English မှာ ကျကြလို့တဲ့။ အခွင့်အရေးရတဲ့အခါမှာ လက်တွေ့က မရပြန်ဘူး။ အစောကြီးကတည်းက၊ လွန်ခဲ့တဲ့သုံးလေးငါးနှစ်ကတည်းက ကြိုးစားခဲ့ရင် ဘာလို့မရရမှာလဲဗျာ။ ရည်မှန်းချက်မရှိတဲ့အခါမှာ ဖြစ်တတ်တဲ့ဟာမျိုးပဲ။ နဂိုတုန်းကတည်းက မှန်းမထားဘူး။ လုပ်ချင်ချင်၊ မလုပ်ချင်ချင် ကိုယ်လိုချင်တာနဲ့တန်အောင်တော့ကြိုးစားရမှာပဲ။ လူတွေက လျှောက်ပြောနေတာ။ ကိုယ်ကြိုက်မှ ကိုယ်လုပ်မယ်လို့။ ကိုယ်ကြိုက်မှ ကိုယ်လုပ်ရတဲ့လူ ဘယ်နှယောက် ရှိလို့လဲ။ ဆရာမြသန်းတင့်ပြောတဲ့စကား ကျွန်တော် မှတ်ထားတာ။ အင်တာဗျူး တစ်ခုမှာပါ။ တချို့လူတွေက feeling လာမှ စာရေးတယ်ဆိုတော့ 'ကျွန်တော်က feeling လာမှ ရေးဖို့ luxury မရှိပါဘူး'တဲ့။

'ကျွန်တော်က ရေးရမှာပဲ'တဲ့။

ကျွန်တော်ပြောတဲ့စကားက ခံနေရတဲ့လူအတွက်တော့ motivation မဖြစ်ဘူးပေါ့။ ဒါပေမယ့် ဒီလိုပဲပြောရမှာပဲ။ ကြိုးစားရင် ရနိုင်တာပဲ။ တစ်ယောက်တလေပေါ့။ ကျွန်တော်တို့ငယ်ငယ်တုန်းက ဆရာဦးအေးဖေဆိုတာ အမြဲပြောလေ့ ရှိတယ်။ There is always a room at the top.တဲ့။ ထိပ်ဆုံးမှာ ထိုင်စရာတစ်နေရာတော့ရှိတယ်။ တစ်နေရာတော့ တစ်နေရာတည်းပေါ့ဗျာ။

**သန်းစိုးနိုင်** But there's no ladder.

**ကိုတာ** မဟုတ်ဘူး။ တော်လို့ရှိရင် တက်စရာလှေကားတောင် မလိုဘူး။ အဲဒီပြဿနာ မရှိပါဘူး။ LCCI တစ်ကမ္ဘာလုံးမှာ First ရတဲ့လူအတွက် ဘာပြဿနာမှမရှိပါဘူး။ အဲဒီလူအတွက်တော့ ဗီဇာလည်းမခက်ဘူး။ Ivy League ကျောင်းတွေရတဲ့လူအတွက်လည်း ငွေရေးကြေးရေးပြဿနာ မရှိဘူး။

**သန်းစိုးနိုင်** ဒါကတော့ သူတို့ကလည်း အဲဒါမျိုးကလေးတွေကို အားပေးတာကိုး။ ဟုတ်တယ်လေ။ ယေဘုယျလူငယ်တွေနဲ့ပတ်သက်တဲ့ ကိစ္စကျတော့ အဲဒီလိုလုပ်မှာလား။ general လုပ်မှာလားဆိုတာမျိုး ရှိတာပေါ့။ ကျွန်တော်တို့ကတော့ ယေဘုယျ general ပြောတာပေါ့။

ကျွန်တော် ၁၀ တန်းကို အင်္ဂလိပ်စာသင်ကြည့်တော့ လူ ၅၀ လောက်ရှိတဲ့အတန်းမှာ verb to be ဆိုတာ am, is, are, was, were ဆိုတာမသိတဲ့သူက ၉၀ ရာခိုင်နှုန်းရှိတယ်။ ဒီကလေးတွေကို ကျွန်တော်တို့အင်္ဂလိပ်စာကို ဘယ်လိုလုပ်ပြီးမြှင့်နိုင်မလဲ။ အခုတော့ ဘာလုပ်ရ

သလဲဆိုတော့ ၁၀ တန်းအောင်အောင်လုပ်ရတာပေါ့ဗျာ။ စာပေကို သင်္ချာနည်းနဲ့ လုပ်ကိုင်ပေးရတာမျိုးတွေ ရှိတာပေါ့ဗျာ။ အင်္ဂလိပ်စာကို သူတို့လက်လှမ်းမမီတဲ့နယ်ပယ်လို့ ခံစားနေကြရတယ်။ ဆရာကိုတာတို့ ခုနကပြောသလို မျှော်မှန်းတဲ့ လူငယ်တွေ ရှိပါတယ်။ British Council တို့သွားလို့ရှိရင်ဗျာ သူတို့ပတ်ဝန်းကျင်ကလည်း အဲဒီလိုပေါ့ဗျာ။ နိုင်ငံခြားတိုင်းပြည်မှာဖြစ်နေတာတွေ မြင်နေတဲ့အခါကျတော့ သူတို့ ကြိုးစားကြတယ်။ မိဘကလည်း တစ်စုံတစ်ရာ အားပေးတယ်။ ကျွန်တော်တို့လို ကြားထဲကကျတော့ ဘာဖြစ်ပြန်သလဲဆိုတော့ ကျွန်တော် Reader's Digest ထဲက 'ခင်ဗျား၊ ခင်ဗျား သားသမီးအကြောင်း ဘယ်လောက်သိပါသလဲ'ဆိုတဲ့ မေးခွန်း ၇ ချက်ကို ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မေးကြည့်တယ်။ ကျွန်တော့်သားသမီးအကြောင်း ကျွန်တော်သိတာ ၃ ချက်ပဲရှိတယ်။ ကျန်တဲ့ ၄ ချက်က ကျွန်တော်မသိဘူး။ ကျွန်တော်က သူတို့ကို အင်္ဂလိပ်စာ fluency ဖြစ်စေချင်တယ်။ သူတို့က အင်္ဂလိပ်စာကို ကြောက်လာခဲ့တယ်။ လူငယ်ထုတစ်ခုလုံး ကြည့်တဲ့အခါမှာ chance & necessity ပေါ့ဗျာ။ အခွင့်အလမ်းတွေရှိတယ်။ လိုအပ်ချက်တွေကို ကျွန်တော်တို့ ဘာတွေလုပ်ပေးနိုင်သလဲ။ လုပ်သင့်တာတွေကတော့ OK။ ဘာလုပ်ပေးနိုင်ဦးမလဲ။ ဒီနေ့သိတယ်။ ကွန်ပျူတာလည်း အဲလိုပဲ။ ခုနက ဆရာတာပြောခဲ့လို့ ကျွန်တော့်အတွေ့အကြုံလေးကို ပြောပြချင်တယ်။ ကျွန်တော့်သမီးနဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ့သူငယ်ချင်းက သင်တန်းတစ်ခုမှာတက်ပါတယ်။ ငွေ ၁၂ သိန်းကုန်တယ်။

ကျွန်တော်က ပိုက်ဆံမတတ်နိုင်ဘူး။ မတတ်နိုင်တော့ ကျွန်တော့်သူငယ်ချင်းကအိမ်မှာသင်ပေးတဲ့ကွန်ပျူတာသင်တန်းကို တက်ခိုင်းတယ်။ အဲဒီစောစောက သူငယ်ချင်းလေးကတော့ ဟိုသင်တန်းမှာ ၃ နှစ်တက်ပါတယ်။ certificate ၃ ခုရတယ်။ ကျွန်တော့်သမီးကတော့ ပထမတော့ DTP ပေါ့ဗျာ။ နောက်ပြီးတော့ Corel Draw လေး၊ ဘာလေးပေါ့ဗျာ။ နည်းနည်းပါးပါးတက်လိုက်တယ်။ ပြီးတော့ ကျွန်တော်ကသူ့အတွက် အလုပ်ကလေးတစ်ခုပေါ့ဗျာ။ သူက အဝေးသင်ယူထားတော့ အလုပ်ကလေးတစ်ခု လုပ်ခိုင်းတယ်။ ကွန်ပျူတာကုမ္ပဏီတစ်ခုမှာပေါ့။ အဲဒီကုမ္ပဏီက သင်တန်းလည်းဖွင့်တယ်။ ကွန်ပျူတာလည်း ပြင်တယ်။ DTP လည်းလုပ်တယ်။ အဲဒီမှာ သူ တစ်နှစ်သွားပြီး လုပ်လိုက်တယ်။ လုပ်လိုက်တော့ ဘာဖြစ်သွားလဲဆိုတော့ ကျွန်တော့်သမီးမှာ လက်တွေ့လုပ်ငန်းအတွေ့အကြုံကနေပြီးတော့ ကွန်ပျူတာနဲ့လုပ်ကိုင်စားတဲ့ပညာလေး ရသွားတယ်။ အဲဒီတော့ သူ့ကို အဲဒီကနေပြီးတော့ သုံးသောင်းပေးတယ်ဗျ။ စောစောက certificate တွေ ၃ ခုရပြီးတော့ ငွေ ၁၂ သိန်းလောက်ကုန်လိုက်တဲ့ကလေးက ဘာဖြစ်သွားလဲဆိုတော့ ကွန်ပျူတာအရောင်းစျေးသည်ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ typing မှာ ကျွန်တော့်သမီးက တစ်မိနစ်ကို ၆၀ ရပြီးတော့ သူက ၁၅၊ ၂၀ လောက်ပဲရတယ်။ ဆိုလိုတာက applied training တွေပိုပြီးတော့ ဖြစ်စေချင်တယ်လေ။ မိဘတွေကိုယ်တိုင်လည်း အဲဒါလေးတွေကို သိစေချင်တယ်။ အသုံးတည့်သလား၊ မတည့်သလားတော့ မသိပါဘူး။ ကျွန်တော်တို့အခြေအနေနဲ့ အဲဒီလိုပုံစံမျိုးလေး


တွေ သွားစေချင်တယ်။ language လည်း အဲဒီအတိုင်းပဲ။
**ကိုတာ** DTP တက်တယ်ဆိုရင်လည်း DTP ကိုဖြောင့်အောင် မတက်ဘူး။ ဘယ်သူမဆို DTP ကောင်းကောင်းတတ်ရင် ၂ သောင်းပေးတယ်ဗျာ။ ကျွန်တော်လည်း ပေးတာပဲ။ ဒါပေမယ့် ခက်တာက အဲဒါကိုကောင်းကောင်းမတတ်ဘူး။ DTP တတ်ရင်ရတယ်။ နောက်ထပ် သတ်ပုံတော့ တတ်ရမယ်ဗျာ။ ဒါပေမယ့် အဲလိုကိုမတတ်ဘူး။
**သန်းစိုးနိုင်** သူတို့ကလည်း DTP လုပ်သာနေရတယ်။ ဒါပေမယ့် DTP ကို စိတ်မဝင်စားဘူးဖြစ်နေတယ်။ ဘာကိုထက်သန်နေသလဲဆိုတော့ net-working တို့၊ programming တို့ကို စိတ်ဝင်စားနေတော့ နည်းနည်းခက် တယ်။ ဒီမှာ ဘယ်လောက်ထိ အဲဒီဟာကနေရာရှိလဲ။
**အော်ပီကျယ်** သူတို့မှာက လောဘရှိတယ်။ ဒါပေမယ့် လောဘရှိပေမယ့် DTP မှာက သူတို့တတ်တာက ကိုတာတို့တကယ် အသုံးချလောက်အောင်မတတ်ဘူး။ တကယ်ဒီဇိုင်း တို့၊ ဘာတို့အထိ ကျွမ်းကျင်ရင် ၂ သောင်းမကဘူး။ ၆ သောင်းတို့၊ ၇ သောင်းတို့ရတယ်။ အဲဒါမျိုးပေးချင်တာတောင်မှ ပေးလို့မရဘူး။

တစ်ယောက်ချင်းအတွက် ကြိုးစားဖို့က သေသေချာချာကို အရေးကြီးတယ်။ ဒါပေမယ့် အဲဒီဟာက ကျွန်တော်တို့ ကြိုးစားလို့မရဘူး။

ကျွန်တော်ဖြစ်စေချင်တာက လူငယ်ထုတစ်အုပ်လုံးကို ကိုယ်ကြိုက်တဲ့ direction သွားဖို့အတွက် channel တွေ၊ ရေစီးကြောင်းတွေ ရှင်သန်နေစေချင်တာပါ။ အခုဟာက ရေအိုင်ကြီးရဲ့အလယ်မှာ ရှိနေကြတယ်။ အဲဒီတော့ ကို

တာ ပြောသလို ဘယ် direction ပဲဖြစ်ဖြစ် ကမ်းကို ရောက်အောင်ကူး။ ဒါပဲ။ ရေစီးကြောင်းရှိနေခြင်းရဲ့ အနေအထားကိုလည်း ကျွန်တော်တို့မသိဘူး။ ချုပ်လိုက်ရင်တော့ ကိုယ့် direction ကို သတ်မှတ်လိုက်။ ကမ်းကိုတော့ ရောက်အောင်ကူး။

လူငယ်နှင့်စာဖတ်ခြင်း



**ရဲမိုး** **နောက်ထပ်** theme **တစ်ခုကို မေးချင်ပါသေးတယ်ခင်ဗျ။ လူငယ်တွေနဲ့ စာဖတ်ခြင်းအကြောင်းပါ။ ဆရာတို့ခေတ်ကနဲ့ယှဉ်ရင် ဘယ်လိုကွာခြားမလဲ။ သူတို့တွေ ဘယ်လိုစာပေတွေကို အာရုံရကြတယ်၊ နောက် သူတို့အတွက် ဘယ်လိုစာပေမျိုးတွေ ကျွန်တော်တို့ဆီမှာ အားနည်းနေသေးတယ်၊ လိုအပ်နေသေးတယ်ဆိုတာကိုလည်း ဆရာတို့ ဆွေးနွေးပေးကြပါဦး။ ဆရာဖေကစပြီး ဆွေးနွေးပေးပါလားဆရာ။**

**ဖေမြင့်** သိပ်တော့ တိတိကျကျ မသိဘူး။ လူငယ်တွေကို မေးမြန်းကြည့်ဖူးတဲ့ အတွေ့အကြုံများများ ရှိရင်တော့ ပိုသိနိုင်မှာပေါ့။ အလွယ်တကူ ခန့်မှန်းလို့ရတာကတော့ ဘယ်လိုစာအုပ်တွေ ဖတ်နေလဲဆိုရင် အခု ဆိုင်တွေမှာ တွေ့နေရတဲ့စာအုပ်တွေပေါ့။ အဲဒါကျတော့ ဘာနဲ့ ဆိုင်သလဲဆိုတော့ လူငယ်ကရွေးတာထက် စာရေးသူတွေက ပေးနေတာနဲ့ဆိုင်တယ်။ လူငယ်ကတော့ ခေတ်ရဲ့ရေစီးကြောင်းမှာ လိုက်ပါရတဲ့သဘောပါတာကိုး။ ကျွန်တော်တို့တုန်းက ၁၉၆၀ ကျော် စာစဖတ်တဲ့အချိန်ကပေါ့ဗျာ။ ဒါအားလုံးလည်း သိပါတယ်။ လက်ဝဲဝါဒစာပေတွေ အများကြီး ဖြစ်နေတယ်။ အဲဒါတွေ ဖတ်ရတာပေါ့။ ဝတ္ထုတို့၊ ဘာတို့လို ရသစာပေဆိုရင်တောင်မှ ဒီဟာရဲ့အောက်မှာရှိတဲ့ သရုပ်မှန်စာပေ၊ ဆိုရှယ်လစ်သရုပ်မှန်စာပေဆိုတာမျိုးတွေပေါ့။ ဒါတွေနဲ့ ကြီးလာကြရတာ။ ကျန်တာတွေလည်း ရှိတန်သလောက် ရှိတယ်။ သိပ်မလွှမ်းမိုးဘူး။ ဒီဘက်နှစ်တွေ၊ ဒီဘက်ခေတ် လူငယ်တွေကျတော့ စော



စာရေးသူတွေမှာကလည်း
အာဟာရဓာတ် သိပ်မပြည့်ဝဘူးဖြစ်နေတယ်။
တကယ်ရသင့်တဲ့ [illegible] တွေ၊ [illegible] တွေ
သိပ်များများစားစား မရသေးတဲ့အခါကျတော့
စာဖတ်သူကို အများကြီးမပေးနိုင်ဘူး။
စာဖတ်သူလူငယ်က စာအုပ်ထဲကအသိဉာဏ်၊
ဗဟုသုတတွေ ဘာတွေရပြီး ဆက်လုပ်ဖို့မှာ
ခုတော့ သူလည်း
အာဟာရက မစို့မပို့ဖြစ်နေတယ်။

စောကဟာတွေ အကုန်ပျောက်သွားတယ်။ နည်းနည်းဆက်စပ်တာလေးတွေတော့ ရှိမှာပေ့ါ။ အရင် ideology နဲ့ပတ်သက်ထားတဲ့ စာအုပ်စာတမ်းတွေ ပျောက်သွားတော့ ရတ်တရက်တော့ ကွက်လပ်ကြီးလိုဖြစ်သွားတယ်။ စာအုပ်အသစ်ကလည်း မလာဘူး။ စာရေးတဲ့ သူတွေရဲ့ခေါင်းထဲက စာအသစ်တွေထွက်မလာဘူး။ ထွက်မလာလို့ ပြီးခဲ့တဲ့နှစ်ပိုင်းကဆိုရင် စာအုပ်အဟောင်းတွေ၊ ဘာသာပြန်တွေ အများကြီးထွက်လာတယ်။ အဟောင်းတွေ ပြန်ထွက်လာတော့ ဟိုတုန်းကရှိတဲ့ဟာထဲက စောစောကဝါဒတွေနဲ့ ပတ်သက်တာတွေ ပြန်မထွက်ဘူး။ ဝတ္ထုတွေပေ့ါ။ ဥပမာ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှား စသဖြင့်ပေ့ါ။ နောက် အခုပြန်ဖတ်လို့ရတဲ့ နိုင်ငံခြားက ဂန္ထဝင်ဝတ္ထုတွေ၊ မြန်မာစာရေးဆရာတွေရဲ့ ဂန္ထဝင်တွေ၊ ဥပမာ ဆရာမောင်ထင်တို့ရဲ့စာအုပ်မျိုးတွေပေ့ါ။ ပြန်ထွက်လာကြတယ်။ အဲဒီတော့ လူငယ်တွေမှာဖတ်ရတာက ကျွန်တော်တို့ခေတ်တုန်းကဖတ်ခဲ့တဲ့စာကို ဟိုဟာတွေထုတ်ပယ်ပြီးတော့ ဖတ်ရတဲ့သဘောမျိုးပေ့ါ။ ခေတ်နဲ့အများကြီး အံမဝင်ဘူး။ ဆန့်ကျင်ဘက်ဖြစ်မနေတာပဲရှိတယ်။ တန်ဖိုးရှိတဲ့စာတွေလည်း ပါပါတယ်။ ခြုံငုံပြီးပြောရရင် သိပ်တော့မပါဘူး။

အဲဒီတော့ နောက်ပြောင်းလာနိုင်တဲ့ခေတ်နဲ့ ပြောင်းနေတဲ့ခေတ်ကာလနဲ့ အဆင်ပြေအောင် လူငယ်တွေကို ပြင်ဆင်ပေးနိုင်တဲ့၊ စိတ်ကူးစိတ်သန်းတွေပေးနိုင်တဲ့၊ အသိပညာဗဟုသုတပေးနိုင်တဲ့စာမျိုးက သိပ်မရဘူး။ အဲဒီလိုဟာမျိုးကို introduce လုပ်တဲ့သူက နည်းနည်းပါးပါးတော့ ရှိတယ်။ ဒါပေမယ့် လိုအပ်ချက်နဲ့စာရင်တော့ နည်းနေသေး

တယ်။ နည်းနေတော့ လူငယ်မှာ သိပ်မရဘူး။ မရတဲ့ အကြောင်းကလည်း ကျွန်တော်စဉ်းစားမိတာက ပေးနိုင်တဲ့ သူက သိပ်မရှိဘူး။ စာရေးမယ့်သူရဲ့ခေါင်းထဲကို ဝင်လာပြီးမှ ပြန်ပေးလို့ရတာကိုး။ စာရေးသူတွေမှာကလည်းအာဟာရ ခေတ် သိပ်မပြည့်ဝဘူးဖြစ်နေတယ်။ တကယ်ရသင့်တဲ့idea တွေ၊ information တွေ သိပ်များများစားစား မရသေးတဲ့ အခါကျတော့ စာဖတ်သူကို အများကြီးမပေးနိုင်ဘူး။ စာဖတ်သူလူငယ်က စာအုပ်ထဲကအသိဉာဏ်၊ဗဟုသုတတွေ ဘာတွေရပြီး ဆက်လုပ်ဖို့မှာ ခုတော့ သူလည်း အာဟာရ က မစို့မပို့ဖြစ်နေတယ်။ ကျွန်တော်တို့အခြေအနေက ဒီအတိုင်းပဲ။

**ကျော်ဝင်း** (ရယ်လျက်)ကျွန်တော်တို့ကို အားကိုးနေလို့တော့ မရဘူးဗျ။

**သန်းစိုးနိုင်** ကျွန်တော်တို့အနားက လူငယ်တွေကတော့ ဘောလုံးဂျာနယ်တွေ တော်တော်ဖတ်နေကြတယ်။ နောက်တစ်ခုကတော့ life style မဂ္ဂဇင်းလို နေထိုင်မှုဘဝပုံစံမျိုးတွေနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ဖတ်ကြတယ်။ pop culture လည်း သဘောကျကြပါတယ်။ ကျွန်တော်ကတော့ life style နဲ့ပတ်သက်လို့ပြောရရင်တော့ visual culture နဲ့ဆိုင်တာပေါ့နော်။ နစ္စတယ်ရှိုင်းပဲဖြစ်ဖြစ်၊ ဘက်ခမ်းပဲဖြစ်ဖြစ် သူတို့အားကျကြတယ်။ သူတို့ခေတ်က ဆရာဖေ ခုနကပြောတဲ့ကွက်လပ်တစ်ခုမှာအစပျောက်နေတယ်။ သူတို့မှာ ideal မရှိဘူး။ အဲဒီတော့ ideal ကို ဘယ်မှာ ရှာနေရတာလဲဆိုတော့ အဲဒီမီဒီယာတွေမှာ ရှာနေတာ။ ရှာတဲ့အခါကျတော့ ကျွန်တော့်တပည့်တွေဆိုလို့ရှိရင် ကျွန်

တော့်ကို ဖုန်းဆက်တဲ့အခါ 'ဆရာ ကျွန်တော့်ကိုမမှတ်မိဘူးလား။ နစ္စတယ်ဝေဠုလေ'တို့၊ 'ဘက်ခမ်းဝင်းနိုင်'ပေါ့ဗျာ လုပ်ကြတာ။ အဲဒီအထဲမှာ ဝတ္ထုတိုလေး၊ ဘာလေးများ ဖတ်တဲ့လူငယ် ဘယ်လောက်ရှိလဲလို့ လေ့လာကြည့်တော့ ရှိတော့ရှိပါတယ်။ နည်းတယ်။ ဝတ္ထုရှည်မှာတော့ ဘက်ဆဲလားလို စာအုပ်မျိုးတွေတောင်မှ လူဦးရေနဲ့တွက်ရင် အတော်နည်းပါတယ်။ အဲဒီတော့ အရင်တုန်းကလို 'တို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲပါ'တို့လိုဟာတွေကတော့ ဒီနေ့လူငယ်တွေ စိတ်ဝင်စားမှုရဲ့အပြင်ကို ရောက်သွားပြီလို့ ကျွန်တော်ထင်တာပဲ။

အဲဒီတော့ လူငယ်တွေ ခုနလို culture တွေမှာ စိတ်ဝင်စားတာ အပြစ်ဆိုစရာမရှိပါဘူး။ သဘာဝအရ အသစ်ကို မျှော်မှန်းကြတာပဲ။ ဒါကြောင့်မို့ မော်ဒန်တို့၊ ပို့စ်မော်ဒန်တို့နဲ့ပတ်သက်တဲ့ အယူဝါဒကိစ္စတွေရဲ့ မှန်တယ် မှားတယ်၊ ဆိုးတယ် ကောင်းတယ်ဆိုတာတွေက သိပ်ပြီး ပြောစရာမရှိဘူးဗျ။ လူငယ်က အသစ်ကိုလိုချင်တာကိုး။ create လုပ်ချင်တာကိုး။ သူတို့မှာက hope တွေရှိတယ်။ prospect တွေရှိတယ်။ အသစ်လို့ထင်တဲ့ဟာမှန်သမျှကို သူတို့ထွေးပွေ့တာပဲ။ ဘောလုံးပွဲကလည်း အသစ်ဖြစ်နေတာပေါ့ဗျာ။ ideal အသစ်တွေပေါ်လာတယ်။ သို့သော် ကျွန်တော်တို့ခေတ်ကလို ideology ကိုကိုင်စွဲတဲ့ဟာမျိုးတော့ မရှိဘူး။ ချို့ယွင်းချက်တစ်ခုလည်း ဖြစ်ချင်ဖြစ်မှာပေါ့ဗျာ။ ကျွန်တော်တို့ခေတ်ကလို ထက်သန်တက်ကြွစွာ စုံကန်ပေပြီးတော့ လုပ်တာမျိုးလည်း ရှိချင်မှရှိမယ်။ ဒါပေမယ့် လူငယ်တွေဟာ ideal တော့ ရှာနေမှာပဲလို့ ကျွန်

တော်ထင်တယ်။ အဲဒါတွေကို ကျွန်တော်တို့ စာပေသမား တွေက နားလည်ပေးကြဖို့ပါ။

**အော်ပီကျယ်** အသစ်ရေးနိုင်တဲ့လူဦးရေက နည်းတယ်လို့ ခုန က ပြောတာကတော့ မဂ္ဂဇင်းတစ်စောင်အသစ်ထွက်လို့ ဘာလဲလို့ကြည့်လိုက်ရင် ခုနက ရေးနိုင်သူလူနည်းနည်း ဆီကပဲ စာမူတွေလှည့်တောင်းထားတာပဲ။ ကျွန်တော်ဆို ရင် မဂ္ဂဇင်းအသစ်ထုတ်ဖို့ အလကားလာပေးရင်တောင် မထုတ်ချင်သေးဘူး။ ဘာလို့လဲဆိုတော့ ဒီလူတွေက ဒီမှာ မရေးလည်း တခြားမှာရေးမှာပဲလေ။ ကျွန်တော်ကြိုက်တဲ့ စာရေးဆရာ ၁၀ ဦးလောက်ရှိတယ်။ အသစ်ထုတ်ပေး နိုင်တဲ့သူက နည်းတယ်။ နောက်တစ်ခါ ခုနကလူတွေရဲ့ စာအုပ်တွေ ရောင်းရတယ်ဆိုတာကလည်း ဘယ်သူတွေ ဖတ်လဲမသိဘူး။ ကျွန်တော်တို့ လူလတ်ပိုင်းကတော့ တော် တော်ကြိုက်တယ်။ အဲဒီတော့ လူငယ်တွေဖတ်လို့ ကုန် တာလား။ လူကြီးတွေဖတ်လို့ ကုန်တာလား။ မပြော တတ်ဘူး။

**ကိုတာ** ကျွန်တော့်ဆီမှာ အလုပ်လာလျှောက်ရင် re- quirement တစ်ခုက စာဖတ်ရမယ်ဗျ။ ကျွန်တော့်ကျောင်း မှာ ကျောင်းဆရာမ လာလျှောက်ကြတာလည်းရှိတယ်။ စာဖတ်လားလို့မေးရင် ဖတ်တယ်လို့ဖြေတယ်။ ဘယ်စာရေး ဆရာတွေကို ကြိုက်ပါသလဲလို့မေးရင် မဖြေတတ်တော့ ဘူး။ တစ်ခါတစ်ရံကျရင်တော့ သူတို့ပြောကြတာ ဆရာ ဖေမြင့် ပါတယ်။ နောက်ပြီးတော့ ဦးဇောတိကတို့၊ ဦးဆန္ဒာ ဓိကတို့ ပါတယ်။ ပြီးရင်တော့ နက္ခတ္တရောင်ခြည်တို့၊ လျှို့ ဝှက်ဆန်းကြယ်တို့ များတယ်။

**ကျော်ဝင်း** တစ်ခါကတော့ ရေးဖူးတယ်ဗျ။ ခင်ဗျားတို့လည်း သိတဲ့အတိုင်းပဲ။ ၉၀ ခုနှစ်ပိုင်းလောက်မှာ ကမ္ဘာလုံးအတိုင်း အတာနဲ့ ကြီးကြီးမားမား အပြောင်းအလဲတစ်ခု ဖြစ်လိုက်တယ်။ အဲဒီအပြောင်းအလဲကြီးအောက်မှာ ဩဇာကြီးတဲ့ ideology တစ်ခု ပြိုကျသွားတယ်။ IT revolution ဆိုတာကြီးလည်း ပေါ်လာတယ်။ အဲဒီနောက်မှာ တော်တော်များများ အပြောင်းအလဲတွေဖြစ်ကုန်တယ်။ အဲဒီအပြောင်းအလဲကြီးကို (စော်ကားသလိုဖြစ်မလားတော့ မသိဘူး) မြန်မာစာပေလောကမှာ စာရေးနေကြတဲ့ တချို့စာရေးဆရာတွေက သိကောသိကြရဲ့လားမသိဘူး။ ဘာလို့လဲဆိုတော့ အဲဒီအပြောင်းအလဲကြီးနဲ့ဆက်စပ်တာက သိပ်မရှိဘူး။အဲဒီအပြောင်းအလဲကြီးက ကျွန်တော်တို့နဲ့ ဘာမှမဆိုင်သလိုပဲ။ ထွက်နေတဲ့စာအုပ်အများစုကြည့်လိုက်ရင် ပြောတာ။ ဒါပေမယ့် ထူးထူးခြားခြားတစ်ခုပြောရရင် အဲဒီကာလလောက်ကျွန်တော် ကျူရှင်သင်နေသေးတော့ လူငယ်တွေနဲ့ ထိတွေ့ရတယ်။ လူငယ်တွေလို့တော့ မပြောနိုင်ဘူး။ ကျွန်တော် မုံရွာမှာစာသင်နေတုန်းက ကျောင်းသားအားလုံးပေါင်းလိုက်ရင် ၁၀၀ ပတ်ဝန်းကျင်လောက်တော့ ရှိမှာပေ့ါ။ အဲဒီအထဲမှာ သုံးလေးယောက်လောက်ကတော့ ဖတ်ကြတယ်။ ရာခိုင်နှုန်းနဲ့ပြောရင်တော့ ၃ ရာခိုင်နှုန်းပေ့ါ။ အများစုကတော့ သူများလုပ်တာ လိုက်လုပ်ကြတာပေ့ါ။ အဲဒီအနည်းစုက ဘယ်လိုဟာတွေ ဖတ်ကြသလဲဆိုတော့ ဦးဇောတိကရယ်၊ ဦးအောင်သင်းရယ်၊ ဆရာဖေရယ်၊ ကိုတာရယ်ပေ့ါ။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီအချိန်အထိကျွန်တော် ဘယ်သူ့မှမဖတ်ဖူးဘူး။ သူတို့ဖတ်လို့ လိုက်

ဖတ်ကြည့်ရင်းနဲ့ ကျွန်တော်လည်း သဘောကျတယ်။ ကြိုက်တယ်။

၉၀ ခုနှစ် အပြောင်းအလဲမဖြစ်ခင် ဟိုဘက်တုန်းက တော့ စဉ်းစားလိုက်ရင် ခေတ်တွေ၊ စနစ်တွေနဲ့ချိပြီး စဉ်းစားတယ်။ ယေဘုယျအားဖြင့်ပြောရရင် ကိုယ်တတ်နိုင်တဲ့ဘက်နဲ့ မတတ်နိုင်တဲ့ဘက်နဲ့ နှစ်ဖက်ရှိတယ်ဗျာ။ ဟိုတုန်းကတော့ မတတ်နိုင်တဲ့အပိုင်းကို သိပ်စောင်းပေးလွန်းကြတော့ တတ်နိုင်တဲ့အပိုင်းက ဘာမှမပါဘူး။ ငါ့ခမျာ သနားစရာလေးပါလားဆိုတာက များတာကိုး။ နောက်တော့ သဘောပေါက်လာတယ်။ တတ်နိုင်တဲ့အပိုင်းလေးတွေကို ခုနကလို ရေးကြတော့ လူငယ်တွေ တခုတ်တရ ရှာဖတ်လာကြတယ်။ အရေအတွက်တော့ နည်းချင်နည်းမယ်ပေါ့။ ဘာမှမတတ်နိုင်တာကိုထားပြီး တတ်နိုင်တဲ့အပိုင်းက ပြင်ဆင်တာမျိုးတွေပေါ့။

၉၀ ခုနှစ်နောက်ပိုင်း အပြောင်းအလဲကြီးကို touch လုပ်တာကတော့ တော်တော်နည်းပါတယ်။ ရေးတဲ့သူလည်း ရေးပါတယ်။ ဥပမာ ဆရာမောင်စူးစမ်း ရှိမယ်၊ ကိုတာ ရှိမယ်၊ ဦးခင်မောင်အုန်းတို့ ရှိမယ်။ ကျွန်တော်ကတော့ မနေ့တစ်နေ့ကမှ ရေးတာပါ။ ကျွန်တော့်အတွေ့အကြုံအရပြောရရင် အဲဒီလိုစာအုပ်တစ်အုပ်ကိုဖတ်ရင် ၅၀ ရာခိုင်နှုန်းလောက်ပဲ နားလည်တယ်။ တကယ်ချရေးတဲ့အခါကျတော့ နောက်ထပ် ၅၀ ရာခိုင်နှုန်းလောက်ပဲ ချရေးလို့ရတယ်။ အဲဒီအထဲက ပရိသတ်ဆီရောက်တဲ့အခါ ၅၀ ရာခိုင်နှုန်း ပြန်လျော့ဦးမယ်ဆိုတော့ မူရင်းနဲ့ ကွာဟမှုတော့ တော်တော်ရှိသွားပြီ(ရယ်လျက်)။ ဘယ်လိုပဲဖြစ်ဖြစ် မရှိတာထက်

စာရင်တော့ တော်သေးတာပေါ့။ စာပေလောကအနေနဲ့ ပြောရင်တော့ ကျွန်တော်ထင်တယ်။ စာပေလောကက လူတွေက မဖတ်ဆုံးဖြစ်မှာ။ ဖတ်တဲ့အရွယ်တွေက ၃၀ ပတ်ဝန်းကျင်တွေက များတယ်။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်မှ ကျွန်တော့်စာမဖတ်ဖူးကြဘူး။ အများစု လူငယ်တွေ ဘာဖတ်မလဲဆိုတာကတော့ ကျွန်တော်တော့ သိပ်အရေးကြီးမယ်မထင်ဘူး။ ပြီးရင် ပြီးသွားမယ့်ဟာမျိုး ပဲ။ သို့သော် ကိုယ့်ဘာသာရွေး ဖတ်ရကောင်းမှန်းသိတဲ့ လူငယ်တွေ ဘာဖတ်သလဲဆိုတာနဲ့ ပတ်သက်ရင်တော့ ကျွန်တော်က သိပ်အားမပျက်ပါဘူး။ အားတောင် တက် သေးတယ်။ အဲဒီတော့ စာရေးချင်စိတ်လည်း ခုထိတော့ မကုန်သေးဘူး။

**ကိုတာ** ကောင်းတာတစ်ခုပြောရရင် သိပ္ပံစာအုပ်ဆိုပါ တော့။ သိပ္ပံစာအုပ်ကို နောက်ပိုင်းမှာ အာရုံစိုက်ပြီးတော့ ထုတ်တယ်။ ရှိသင့်တယ်ဆိုပြီးပေါ့လေ။ သိပ္ပံစာအုပ်က ဘယ်တော့မှမရှုံးဘူး။ ကျွန်တော်သိပ္ပံစာအုပ်ကိုစထုတ်တုန်း က အားမပေးကြတာ စာပေနယ်ကလူတွေပဲ။ သိပ္ပံစာအုပ် ကို ဘယ်နှစ်ခါများ book review ရေးဖူးကြလဲ။ တစ်ခါ မှ မရေးဖူးဘူး။ science ကတော့ ရှိဖို့ကောင်းတယ်။ ခုလိုခေတ်ကြီးမှာပေါ့။ ဒါပေမယ့် ဒါကလည်း လူငယ်တွေ ဖတ်တာဗျ။ လူကြီးက သိပ်မဖတ်ကြဘူး။ အခုဆို တခြား တိုက်တွေကလည်း လိုက်ထုတ်တာတွေ့လာရတယ်။ ဆို လိုတာက လူငယ်တွေက စာသာရှိများရှိရင် ဖတ်တယ်ဗျ။ စာသာ ရှိများရှိရင်ပေါ့။ ဒါပေမယ့် ကျွန်တော်တို့က လူ ငယ်တွေကို စာဖတ်အောင်လုပ်ရမှာက တကယ်တမ်းက

ကလေးတွေကစပြီး လုပ်ရမှာ။ ဒါပေမယ့် ကလေးစာအုပ်တွေက ထုတ်ဖို့ကခက်နေတယ်။ ကာလာတွေပါရမယ်။ ရုပ်ပုံတွေပါရမယ်။ စက္ကူကောင်းရမယ်။

**ရဲမိုး** သိပ္ပံစာပေတွေ ဒီဘက်ပိုင်းမှာ လူငယ်တွေနဲ့မိတ်ဆက်လာတာတွေ တွေ့ရပါတယ်။ တစ်ဖက်က ကလေးစာပေတွေလည်း လိုအပ်နေပါသေးတယ်။ တခြားကော ဘယ်လိုစာပေမျိုးတွေ လိုအပ်တယ်လို့ ဆရာတို့မြင်ပါသေးသလဲ။

**ကိုတာ** အမှန်ကတော့ ဖီလော်ဆော်ဖီနဲ့ ပတ်သက်တဲ့စာအုပ်တွေလည်း လိုတာပဲ။ ကျွန်တော့်မှာရှိတဲ့စာအုပ်တွေကိုတော့ ဘာသာပြန်ကြမလားလို့ လိုက်တော့ပေးကြည့်တယ်။ တချို့လည်း ပြန်တယ်။ တချို့လည်း မပြန်ဘူးပေါ့။ ကျွန်တော်ထင်တာကတော့ ဒါမျိုးတွေထွက်ရင်ရှုံးမယ်တော့မထင်ဘူး။ နည်းနည်းတော့ ကြိုးစားကြည့်ရမှာပေါ့။

**အော်ပီကျယ်** ဆရာတို့ထုတ်တာကော၊ activists တွေကထုတ်ကြတဲ့ HIV ကာကွယ်ရေးတို့၊ ဘာတို့မှာ လူငယ်တွေနဲ့ ကလေးတွေအတွက်ထုတ်တဲ့အခါမှာ ပြဿနာရှိတယ်။ လူကြီးတွေအတွက်ထုတ်တဲ့ စီးပွားရေးတို့၊ သိပ္ပံပညာတို့၊ ဘာတို့ဘက်မှာ ဘာသာပြန်တဲ့သူက နားလည်ပြီးသား။ နားလည်ပြီးတော့ ပြန်တဲ့အခါကျတော့ ဆရာကျော်ဝင်းပြောသလိုပဲ ၅၀ ရာခိုင်နှုန်းတော့ ကျန်တယ်။ ဖတ်တဲ့သူကလည်း ဒါကိုလက်ခံနိုင်ဖို့ အားနည်းနည်းထုတ်ရတယ်။ ကလေးကျတော့ အားထုတ်တတ်တဲ့အကျင့် မရှိတဲ့အတွက် ကလေးအတွက်ရေးတဲ့သူကို ဒီအတွက် စာမူခနည်းနည်းပိုပေးရမယ်။ အချိန်ပိုပေးရမယ်။ ထုတ်ဝေသူမှာကလည်း

အားနည်းချက်တွေ၊ အခက်အခဲတွေရှိတယ်လေ။ ကျွန်တော်တော့ အဲဒီလိုစာမူကြမ်းမျိုးကိုမြင်ကိုမမြင်ဖူးသေးတာ။ ကလေးတွေနားလည်လောက်အောင် ရေးထားတာ မထွက်သေးဘူး။ ကျွန်တော်ကိုယ်တိုင်ကအစပဲ။ ဆန္ဒလည်း ရှိတယ်။ အဲဒီလိုမျိုးအားထုတ်ဖို့အတွက်ဆိုရင် စကားလုံးတွေရွေးချယ်ရမယ်။ ရုပ်ပုံတွေ သေသေချာချာအပ်ရမယ်။ကျွန်တော် ကလေးဂျာနယ်ထုတ်တဲ့ ထုတ်ဝေသူတစ်ယောက် ကိုမေးဖူးတယ်။ ခင်ဗျားကလေးကို ခင်ဗျား အဲဒီစာအုပ်ပေးဖတ်လားဆိုတော့ သူ့ကလေးကို နိုင်ငံခြားက စာအုပ်တွေပဲ ဝယ်ပေးတယ်။ ဒီစာအုပ်ကို သူ့ကလေးက ကိုင်မကြည့်ဘူး။ ဆိုပါတော့ဗျာ။ ဒီစာအုပ်ထဲမှာ အရုပ်ချိုးနည်းပါမယ်။ အဲဒီအယ်ဒီတာက အဲဒီစာကိုဖတ်ပြီး လိုက်ခေါက်ကြည့်လား။ အဲဒီအယ်ဒီတာ မခေါက်တတ်စေရဘူး။ ကလေးဆို ပိုဆိုးတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဘာသာပြန်လိုက်တာကိုက လွယ်လွယ်ပဲပြန်လိုက်တာလေ။ သေသေချာချာ ပြန်စေချင်တယ်။

ပြီးတော့ ဘယ်ကလေးအရွယ်ကို ဦးတည်တယ်ဆိုတာ ပြန်စဉ်းစားဖို့လိုတယ်။ တစ်ခါတစ်ခါ reference ပဲလုပ်ရမယ်။ အခုကျတော့ တိုက်ရိုက်ပဲပြန်ကြတယ်။ တစ်ဖက်ကလည်း ဒီစာမူခနဲ့ ကိုယ်စာရေးရမယ့်အချိန်နဲ့ ဘာသာပြန်ရမယ့်အချိန်နဲ့တွက်ပြီး လုပ်နေကြရတယ်။ အမှန်ကတော့ ဒီစာအုပ်တစ်အုပ်ကို ဒီဆရာက ဒီတစ်လုပ်ပဲလုပ်ပေါ့ဗျာ။ အခုဟာကတော့ main အလုပ်က သပ်သပ်ရှိတယ်။ ဒီလိုလုပ်တဲ့အခါကျတော့ ဘယ်တော့မဆိုအချောသပ်ဖြစ်မလာဘူး။ အချောသပ်ဖြစ်မလာတော့ ကလေးမှာ

က digest လုပ်နိုင်တဲ့ခွန်အားနည်းသေးတော့ ထိရောက်အောင် မပေးနိုင်ဘူးပေါ့။ ကလေးစာအုပ်က တော်တော်လိုအပ်တယ်။ လူငယ်တွေအတွက်စာအုပ်လည်းတော်တော်လိုအပ်တယ်။

**ကျော်ဝင်း** ကျွန်တော်တို့ရေးတာကတော့ ကိုယ့်စာဖတ်ပြီးအမြင်တွေပြောင်းသွားဖို့၊ အသိတွေပြောင်းသွားဖို့ စိတ်ကိုမကူးဘူး။ အဓိကရည်မှန်းချက်က ဖတ်ပြီးတော့ စိတ်ဝင်စားလာစေချင်တာ။ ဒါကြောင့် အောက်ကစာညွှန်းကို အမြဲတမ်း ရေးတယ်။ ကိုယ် reference လုပ်တဲ့စာတွေကို စိတ်ဝင်စားရင် ကိုယ့်ဘာသာရှာဖတ်စေချင်တယ်။ သူ့ဟာသူ ရှာဖတ်တာ ကျွန်တော်တို့ထက် ပိုနားလည်တာလည်းဖြစ်နိုင်တယ်။ နားလည်မယ့်လူတွေလည်း ပေါ်လာမယ်။ အခုဟာက မိတ်ဆက်လောက်ပဲ။ ဒီထက်ပိုရေးလည်း မရဘူး။

**အောင်ပီကျယ်** တကယ်တော့ ခုနက ဆရာကျော်ဝင်းပြောသလို အဲဒီလိုစာတွေကိုဖတ်ကြတာ ၃ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ ၃ ရာခိုင်နှုန်းကို ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်းဖြစ်လာဖို့ဆိုတာ စောစောကပြောတဲ့ သူတို့ထက် တစ်ဆင့်နိမ့်ပြီးတော့ အဲဒီလိုလူမျိုးတွေ ဖတ်ချင်စိတ်ရှိလာအောင် ကြိုးစားရမယ်။ ဟိုလူနည်းစုကတော့ သူ့ဟာသူ ကြိုးစားပမ်းစား ရှာဖတ်မယ့်သူတွေ။

**ကျော်ဝင်း** သိပ်ပြီးတော့ လျှော့တွက်လို့မရဘူးဗျ။ ထင်တာထက်တော့ ရှိတယ်။ သူ့ဟာနဲ့သူ စိတ်ဝင်စားကြတယ်။ လေးစားစရာကောင်းပါတယ်။ ကိုယ်ထင်တာထက် ပိုပြီးရှိနေတယ်။ စာဖတ်ပရိသတ်ကလိုချင်တယ်။ မပေးနိုင်တာက

စာပေလောကကမပေးနိုင်တာ။ ကျွန်တော်တို့က လိုချင်သလောက်ကို မပေးနိုင်ဘူး။


**အော်ပီကျယ်** အဲဒါ ဟုတ်တယ်။ ပြီးတော့ ရေးတဲ့လူတွေကလည်း ကြည့်လိုက်ရင် ဒီလူတွေချည်းပဲ။

**ဖေမြင့်** အယူအဆနဲ့ပတ်သက်တဲ့ စာတွေပေါ့ဗျာ။ ဆရာမောင်စူးစမ်းတို့၊ ဆရာကျော်ဝင်းတို့ ရေးတာမျိုးတွေပေါ့။ အရင်တုန်းကလည်း မာ့က်ခ်လီနင်ဝါဒဆိုတဲ့ ကျမ်းတွေတုန်းကလည်း ဘာသာပြန်တဲ့အထဲမှာ တချို့ကတော့ တော်တော်ကောင်းပါတယ်။ တချို့ဆိုရင် ဘာမှန်းမသိအောင် ပြန်ထားတာတွေလည်း ရှိတယ်။ အဲဒီတုန်းကလည်း လိုက်ဖတ်ကြတာပဲ။ စိတ်ဝင်စားစရာရှိလို့ကတော့ တော်တော်ခက်လည်း လိုက်ဖတ်ကြပါတယ်။ ဆွဲဆောင်မှုရှိလို့ ရှိရင်ပေါ့။

လူအများစုကို အသက်အရွယ်နဲ့လိုက်ပြီး စာရင်းကောက်ကြည့်လို့ရှိရင် သေချာတယ်ဗျာ။ အသက် ၁၅နှစ်နဲ့ ၂၅ နှစ်ကြားက အဖတ်ဆုံးဖြစ်မှာပဲ။ အဲဒီကကျော်သွားရင် နည်းသွားပြီ။ သိပ်ကြီးရင် မဖတ်တော့ဘူးပေါ့ဗျာ။ အသက်ကြီးတဲ့အထိဆက်ဖတ်ရင် ကိုယ်နဲ့ပတ်သက်တဲ့ စာအုပ်မျိုးပဲ ရှိမယ်။ ကျွန်တော်တို့ဆီမှာတော့ ဘာသာရေးစာအုပ်မျိုးပေါ့။ လူငယ်ကတော့ နားမလည်လည်း လည်သလောက်တော့ စိတ်ဝင်စားရင် ဖတ်တာပဲ။ ဒါကြောင့်မို့လည်း မော်ဒန်တို့၊ ပို့စ်မော်ဒန်တို့ကိုရေးကြ၊ ဖတ်ကြတယ်။ ကျန်တဲ့ အတွေးအခေါ်စာပေတွေမှာလည်းစာအုပ်တစ်အုပ်နောက်မှာ subject တွေအများကြီးပါနေတာတွေ ရှိတယ်။ ဒီခေတ်ကာလမှာ globalization တို့ ဘာတို့ပြောမယ်

ဆိုရင် political science တွေကော၊ international relations တွေကော၊ economics တွေ၊ culture တွေ၊ civilization တွေစသဖြင့် အားလုံးနဲ့ဆက်စပ်ပြီးတော့မှ နားလည်လို့ရမှာ။ တစ်ယောက်နဲ့တစ်ယောက် နားလည်နိုင်စွမ်းတော့ မတူဘူးပေါ့။ သို့သော် ဒီအထဲက ၃ မျက်နှာလောက်ရမယ့်နေရာမှာ ၃ ကြောင်းလောက်ရလည်း မဆိုးဘူးပေါ့။ တဖြည်းဖြည်းသွက်လာမယ်။ ဆက်ပြီး ကျယ်ပြန့်လာမယ်။ ပရိသတ်ကတော့ ဒီ subject တွေမှာ limited ဖြစ်မှာပဲ။ ကျွန်တော်တို့ဘက်ကလည်း အားနည်းနေတယ်။ ဆိုပါတော့၊ စာကြည့်တိုက်မှာ စာအုပ်အမျိုးအစား ၁၀ မျိုးခွဲရင် ၁၀ မျိုးစလုံးမှာ ကျွန်တော်တို့ အားနည်းနေတယ်။ biography တွေလည်း အားနည်းမှာပဲ။ ကျန်တဲ့ ဖီလော်ဆော်ဖီတို့၊ စာပေသဘောတရားတို့လည်း အားနည်းမှာပဲ။ ဆိုင်ကိုလိုဂျီလည်း သိပ်မတွေ့ရဘူးဗျာ။ အရင်တုန်းက ထွက်ခဲ့ဖူးတာတွေတော့ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က edition အသစ်တွေပေးဖို့လိုတယ်။ စာအုပ်အသစ်တွေပေးဖို့လိုတယ်။ ပိုပြီးငယ်တဲ့လူငယ်တွေဖတ်ဖို့အတွက် ဆီလျော်တဲ့ပုံစံနဲ့ လုပ်ပေးဖို့လိုတယ်။ ဒါဆိုရင် ပိုပြီးကျယ်ပြန့်လာနိုင်တယ်။ သိပ်ပြီးတော့ အလှမ်းဝေးတာကြီးကို ကြိုးစားပမ်းစား ခက်ခက်ခဲခဲ ဖတ်ရတာမျိုးမဟုတ်ဘဲနဲ့တစ်ဆင့်စီတက်သွားလို့ရမယ်။ အဲဒါ ကျွန်တော်တို့စာပေနယ်ရဲ့ အား နည်းချက်၊ အရေးကြီးတဲ့လိုအပ်ချက်ပဲ။

ရန်ကုန်နှင့်နယ်မှ လူငယ်



**ရုံမိုး ရန်ကုန်မှာနေထိုင်ကြတဲ့ လူငယ်တွေနဲ့ နယ် မှာ နေထိုင်ကြတဲ့လူငယ်တွေကို ဆရာတို့ ဘယ်လိုမြင် ပါသလဲ။ ကျွန်တော်ဆိုလိုတာက ရန်ကုန်သား၊ နယ် သားလို့ ပြောတာမဟုတ်ပါဘူး။ အကြောင်းကြောင်း ကြောင့် ရန်ကုန်မှာ အခြေစိုက်နေတယ်။ ဒါမှမဟုတ် နယ်မှာနေရတယ်ပေါ့။ သူတို့ရဲ့ စိတ်ဝင်စားမှုတွေ၊ အခွင့်အလမ်းတွေ၊ ကွာဟချက်တွေကို ဆွေးနွေးပေး ဖို့ပါ။**

**အော်ပီကျယ်** ကျွန်တော် ရန်ကုန်လူငယ်တော့ သိပ်မသိဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော် အပြင်လည်းသိပ်မထွက်ဖြစ် ဘူး။ နယ်လူငယ်တွေက ကျွန်တော့်အထင်တော့ စာပိုဖတ် တယ်။ သူတို့မှာက အလုပ်အကိုင်လည်း သိပ်မရှိဘူး။ ရှိ တာလေးနဲ့နေထိုင်ပြီးတော့ စာတော့ ပိုဖတ်ကြတယ်။ တူ နေတာတစ်ခုတော့ ရှိတယ်။ နယ်မှာနေတဲ့ကလေးတချို့ ၁၆ နှစ်၊ ၁၇ နှစ်နဲ့ အိမ်ထောင်ကျတယ်။ စိတ်ထဲမှာ တော်တော်မကောင်းဘူး။ ရန်ကုန်မှာလည်း ဒီအပတ်ထဲ မှာ ဆွေမျိုးနီးစပ်ထဲက တူတစ်ယောက် ၁၇ နှစ်နဲ့ အိမ် ထောင်ကျတယ်။ လွန်ခဲ့တဲ့ ၂ ရက်၊ ၃ ရက်လောက်က တူမဝမ်းကွဲတစ်ယောက် ၁၇ နှစ်နဲ့ အိမ်ထောင်ကျတယ်။ အဲဒါတွေ တူနေတာတွေ့ရတယ်။ ကျွန်တော် NGO တစ်ခု ကို မေးကြည့်တယ်။ လူငယ်ကို အသက်ဘယ်လောက် အထိ သတ်မှတ်လဲလို့မေးကြည့်တော့ ၁၈ နှစ်မကျော် သေးရင် လူငယ်လို့ သတ်မှတ်တယ်တဲ့။ သူတို့နေထိုင်ရ မယ့် စည်းမျဉ်းစည်းကမ်းတွေလည်း သူတို့ဆီမှာ သတ်

မှတ်တယ်တဲ့။ ဆိုပါတော့၊ ဆိတ်ကွယ်ရာမှာ နှစ်ယောက်တည်း မနေပါနဲ့တို့၊ ဘာတို့ပေါ့ဗျာ။ ဘာလို့လဲဆိုတော့ ဖြစ်တတ်တာကိုး။

**ကိုတာ** အိုဟိုင်းယိုးမှာဆိုရင် ၂၁ နှစ်ပြည့်မှ အရက်သောက်ရတယ်။

**အော်ပီကျယ်** စာအုပ်ဆိုင်တွေမှာဆိုရင်လည်း sex နဲ့ပတ်သက်တဲ့ စာအုပ်တွေဆိုရင် corner တစ်ခုမှာ သပ်သပ်ထားတယ်။ သွားကြည့်ရင် အသက်ပြည့်၊ မပြည့် identity တောင်းတာ ခဏခဏတွေ့ဖူးတယ်။

**ကျော်ဝင်း** ပြန်ကောက်ရရင်တော့ အကုန်လုံးတော့ ကိုယ်စားပြုပြောနိုင်ဖို့မလွယ်ဘူး။ ရန်ကုန်လူငယ်ကော၊ နေခဲ့တဲ့ မုံရွာလူငယ်ကော အကုန်လုံးကိုတော့ သိပ်မသိဘူး။ ကိုယ်နဲ့ဆက်စပ်တဲ့ ကျောင်းသားလောက်ပဲပြောရင်တော့ အများကြီးကွာသွားပြီ။ ဘာတွေကွာသွားလဲဆိုတော့ အင်္ဂလိပ်စာမှာ အဓိကကွာသွားတယ်။ ရန်ကုန်ကချာတိတ်တွေက ကိုယ့်ထက်သာတယ်။ နယ်မှာ တော်တော်လိုသေးတယ်။ ကျွန်တော်တွေ့ဖူးတာ ပြောတာနော်။ နောက်ပြီးတော့ ဒီမှာက personal ambitious ပိုဖြစ်တယ်။ ရည်မှန်းချက်ပိုရှိတယ်။ ဟိုမှာက နည်းသေးတယ်။ ၁၀ တန်းမအောင်လည်း ဘာဖြစ်လဲ။ အညာကုန်ကူးလို့ရတာပဲဆိုတာတွေရှိသေးတယ်။ လက်တွေ့မှာလည်း ၁၀ တန်းမအောင်တဲ့ သူငယ်ချင်းတွေက ကျွန်တော်တို့ထက် ပိုချမ်းသာကြတယ်လေ။ အဲဒီတော့ ဒီအစွဲက လူငယ်တွေရဲ့ကြားမှာ ခုထိကိုရှိနေတုန်းပဲ။

စာဖတ်တာမှာလည်း တခြားစာတွေတော့ မသိဘူး။

ဒီမှာက [illegible] ပိုဖြစ်တယ်။
ရည်မှန်းချက် ပိုရှိတယ်။
ဟိုမှာက နည်းသေးတယ်။
၁၀ တန်းမအောင်လည်း ဘာဖြစ်လဲ။
အညာကုန်ကူးလို့ရတာပဲဆိုတာတွေ ရှိသေးတယ်။
လက်တွေ့မှာလည်း
၁၀ တန်းမအောင်တဲ့ သူငယ်ချင်းတွေက
ကျွန်တော်တို့ထက်ပိုချမ်းသာကြတယ်လေ။
အဲဒီတော့ ဒီအစွဲက လူငယ်တွေရဲ့ကြားမှာ
ခုထိကို ရှိနေတုန်းပဲ။

တည့်တည့်ပြောရရင်၊ ကိုယ့်စာအုပ်နဲ့ပြောရရင်တော့ ရန်ကုန်က ကုန်တာများတယ်။ နယ်ကို သိပ်မရောက်ဘူး။ ရောက်လည်း သိပ်မရောင်းရဘူး။

**အော်ပီကျယ်** နယ်က 'ရသ'ပိုင်း ပိုများတယ်။

**ကျော်ဝင်း** ကျွန်တော်ကတော့ နယ်ကိုထားလိုက်ဦး။မန္တလေးနဲ့ ရန်ကုန်တောင် တော်တော်ကွာတယ်ထင်တယ်။ မန္တလေးလည်း စာနည်းနည်းပါးပါး သင်ဖူးပါတယ်။ မန္တလေးနဲ့ ရန်ကုန်မှာကို စဉ်းစားပုံတွေကော၊ စိတ်ဝင်စားပုံတွေကော မတူတော့ဘူး။ ရသပိုင်းဆိုရင်တော့ မန္တလေးကပိုမှာပေ့ါ။

**အော်ပီကျယ်** ကိုကျော်ဝင်း ခုနကပြောတဲ့ ခေတ်မီခြင်းတို့၊ အင်္ဂလိပ်စာတို့လည်း မန္တလေးနဲ့ ရန်ကုန် ကွာလာပြီ။

**ကျော်ဝင်း** ရန်ကုန်နဲ့ မန္တလေးကွာရင် နယ်တော့ထည့်မပြောနဲ့တော့ပေ့ါ။


**အော်ပီကျယ်** ကျွန်တော်တို့ငယ်ငယ်က ကွာတာထက် အများကြီး ကွာသွားပြီ။

**ကျော်ဝင်း** အခွင့်အလမ်းတွေလည်း ကွာတယ်။ မန္တလေးက လူငယ်တွေ တချို့စာအုပ် မန္တလေးမှာရှာမရလို့ ရန်ကုန်လာရှာရတာတွေ့ဖူးတယ်။

**သန်းစိုးနိုင်** မနှစ်က ကိုကျော်ဝင်းတို့၊ ကျွန်တော်တို့ မန္တလေးသွားလို့ ဟိုမှာစကားပြောဖြစ်ကြတော့ ကျွန်တော် ပြောတယ်။ အင်္ဂလိပ်စာအကြောင်းပါ။ ကျွန်တော့်ကို အင်္ဂလိပ်စာသင်ပေးလိုက်တာ မန္တလေးကသင်ပေးလိုက်တာပါလို့။ ဆရာတွေကို ကျေးဇူးအရမ်းတင်ပါတယ်။ ကျွန်တော် မန္တလေးက ၁၉၆၃ ခုနှစ်က ခွာလာခဲ့တာ။ အခု အနှစ် ၄၀ နီးပါးရှိပြီ။ မန္တလေးကိုပြန်လာတဲ့အခါမှာ ကျွန်တော်

ဘာတွေ့ရသလဲဆိုတော့ မန္တလေးဟာ အရင်တုန်းကလိုပဲ လို့။ ကျွန်တော့်စကား ရိုင်းရင်လည်းသည်းခံပါလို့။ ကျွန်တော် ကျေးဇူးဆပ်ချင်လို့ပြောတာပါ။ ကျွန်တော် ဘာကို ပြောချင်တာလဲဆိုတော့ ရန်ကုန်မှာ လူငယ်တွေအင်္ဂလိပ်စာ လေ့လာရေးအတွက် လုံးပန်းနေတဲ့အချိန်မှာ မန္တလေးမှာ အားနည်းနေသေးတယ်။အခွင့်အလမ်းလည်းနည်းပါတယ်။ British Council နဲ့ပတ်သက်တဲ့စာအုပ်ဆိုင် ရှိတယ်။ စိတ်ဝင်စားမှု နည်းကြပါသေးတယ်။ ဆိုလိုတာက ဒီနေ့ ကမ္ဘာကြီးကို ရန်ကုန်က ထရံပေါက်ကချောင်းကြည့်ချင်ရင် ရသေးတယ်။ မန္တလေးကတော့ ကြည့်ဖို့စိတ်ကူးတဲ့ အထိ ရောက်မလာသေးဘူးလို့ ခံစားရတယ်။

လူငယ်နှင့်ယဉ်ကျေးမှု



**ရိုး    လူငယ်တွေ ယဉ်ကျေးမှုအပိုင်းမှာ Wester-nised ဖြစ်လာတယ်ဆိုတာတွေနဲ့ပတ်သက်ပြီး ဆရာတို့ ဘယ်လိုမြင်ပါသလဲ။ ဝတ်စားဆင်ယင်မှုကစလို့ ယဉ်ကျေးမှုတစ်ခုလုံးနဲ့ပတ်သက်တဲ့ အားနည်းချက်၊ အားသာချက်တွေပေါ့။**

**ဖေမြင့်**    ကိုကျော်ဝင်းတို့ globalization အကြောင်းတွေ ရေးလို့ရှိရင် ဒါတွေ အမြဲတမ်းပါပါတယ်။ ကောင်းတဲ့အပိုင်းတွေလည်း အများကြီးရှိတာပေါ့ဗျာ။ အားနည်းတဲ့အပိုင်းတွေလည်း ရှိတာပေါ့။

**ကျော်ဝင်း**    စာအုပ်ထဲဖတ်ဖူးတာပေါ့ဗျာ။ ဟောင်ကောင်မှာ businesss သမားတွေစုတဲ့ ချိုင်းနားကလပ်ဆိုတာရှိတယ်။ ဟိုတုန်းကတော့ ချိုင်းနားကလပ်ကိုလာတဲ့သူက European ဝတ်စုံနဲ့ ဘာနဲ့ သားသားနားနားလာတယ်။ ကလပ်ကလည်း ငြိမ်လိုက်တာ။ အဲဒီမှာ စီးပွားရေးကိစ္စတွေ ညှိကြ နှိုင်းကြ၊ ဆွေးနွေးကြပေါ့။ အခုနောက်ပိုင်း ချိုင်းနားကလပ် လာတက်တဲ့သူတွေက အကုန်တီရှပ်နဲ့ချည်းပဲ။ ဆူညံပွက်နေတာပဲ။ ဒါပေမယ့် အဲဒီသူတွေရဲ့ productivity က စောစောကသူတွေထက် ပိုမြင့်တယ်။ သူတို့တွက်ထားတာ ရှိတယ်။ အဲဒီတော့ ကျွန်တော့်အမြင်ပြောရရင် သိပ်အရေးမကြီးဘူးထင်ပါတယ်။ဝတ်စားဆင်ယင်မှုအပိုင်းကတော့။

**အောင်ပီကျယ်** ကျွန်တော်လက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်မြင်ဖူးတာ ဂျပန်တို့၊ စင်ကာပူတို့က Ph.D တွေဆိုရင် ဝတ်တာစားတာတွေလည်း တိတိကျကျ၊ စကား

ပြောတာတွေလည်း တိတိကျကျနဲ့ပေါ့။ ဒါပေမယ့် သူတို့က သိပ်ပြီးတော့ indepth မဖြစ်ဘူး။ အမေရိကန်က Ph.D တချို့ကတော့ နားသန်သီးတို့၊ ဘာတို့နဲ့။ ဒါပေမယ့် ဒီကောင်တွေက သူ့ပညာနဲ့ပတ်သက်လို့ သူသိပ်လွတ်လပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ free style ကိုက သူ့မှာ ပါနေတယ်လေ။ ဟိုလူတွေက အဲဒီလိုမဟုတ်ဘူး။ formal သိပ်ဖြစ်လွန်းအားကြီးတယ်။ နောက် discovery တို့၊ ဘာတို့ရှာတဲ့နေရာမှာလည်း ပါပါတယ်။ ကျောက် ဖြစ်ရုပ်ကြွင်းရှာနေတဲ့သူတွေက နားသန်သီးတွေ၊ ဘာတွေ နဲ့။ သူတို့ရဲ့ပညာပေါ်မှာ စူးစိုက်မှုကတော့ အရမ်းကြီးတယ်။ ဝတ်စားဆင်ယင်တဲ့အပိုင်းမှာ လွတ်လပ်ပြီးပညာအပေါ်မှာ စူးစိုက်ထားတယ်။ ကျွန်တော်ကတော့ formal တွေ မြင်ရတဲ့အခါမှာ တင်းကျပ်တယ်။

**ကျော်ဝင်း** ကျွန်တော်တို့ကြားဖူးတာကတော့ ဝေါလ်စထရီမှာပဲ smart ဝတ်စုံတွေက ရှိတော့တယ်တဲ့။ ဆီလီကွန်ဗဲလီးမှာ မရှိတော့ဘူးတဲ့။

**ပေမြင့်** ကျွန်တော်ထင်တာကတော့ ကျွန်တော်တို့ အခုလို ဆွေးနွေးပြောဆိုကြသလိုအနေအထားမျိုးတွေ ရှိလာတဲ့အခါကျရင် လူငယ်တွေကလည်း သူ့ဟာနဲ့သူ စိတ်ဝင်စားတဲ့လမ်းကြောင်းတွေကို လိုက်ကြမှာပဲ။ အဲဒီအခါမှာ ယဉ်ကျေးမှုတို့၊ ဂီတတို့ကို ထိန်းသိမ်းစောင့်ရှောက်တဲ့အုပ်စုကလည်း ရှိမှာပဲ။ ဒါပေမယ့် အားလုံးတော့ လုပ်ချင်မှလုပ်မှာပေါ့။ ထိန်းသိမ်းတဲ့ကိစ္စတွေက တစ်ခါတစ်ခါတော့ တကူးတကလုပ်ရတယ်ဗျ။ လုပ်နိုင်တဲ့အနေအထား၊ အခြေအနေရှိဖို့လိုတယ်။ တော်တန်ရုံနဲ့ မလုပ်နိုင်ဘူး။ ကျန်တာ

တွေ ပြည့်စုံလာရင်တော့ သူ့ဟာနဲ့သူ လုပ်ကြမှာပါ။

**သန်းစိုးနိုင်** ထိန်းသိမ်းရမယ်ဆိုတာကသီးသန့်လုပ်ငန်းတစ်ခုပါ။ အများနဲ့ဆိုင်တဲ့ကိစ္စမှာကျတော့ အခုကမ္ဘာကြီးမှာ ယဉ်ကျေးမှုနဲ့ life style အရ ပြောရလို့ရှိရင် နှစ်ပိုင်းကွဲနေတယ်ပေါ့ဗျာ။ ဒါကလည်း western culture နဲ့ eastern culture မဟုတ်ပါဘူးတဲ့။ Amerian Culture နဲ့ non-American culture ပါပဲတဲ့။ သူပြောချင်တဲ့ အဓိပ္ပာယ်ကတော့ဗျာ American culture က globalization ကို ဦးတည်နေတဲ့အချိန်မှာ တိုင်းပြည်အသီးသီးကို တဖြည်းဖြည်းနဲ့ ဝင်ရောက်ကြမှာပဲ။ ဒါကတော့ ဂျင်းဘောင်းဘီကနေပြီးတော့ ဟမ်ဘာဂါအထိပေါ့။ ဆန့်ကျင်နေတဲ့ဘက်ရှိသလို တချို့လည်းပြောင်းလာကြတယ်။ တူရကီကို ကြည့်ဗျာ။ တူရကီဆိုရင် very mondernised ပဲ။ ဆိုလိုတာကတော့ ကျွန်တော်တို့ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အင်္ဂလိပ်စာက ကမ္ဘာသုံးဘာသာစကား ဖြစ်လာသလိုပဲ။ သင်ရမှာပေါ့ဗျာ။ နောက်တစ်ချက်က လူငယ်တွေကိုလည်း နားလည်ပေးကြဖို့ လိုအပ်ပါတယ်။ တစ်ခုတော့ရှိတယ်။ တစ်ဖက်က ပြောချင်တာကတော့ ကိုယ့်အခြေအနေနဲ့ကိုက်ညီတဲ့ development လေးတွေတော့ လုပ်ဖို့ လိုအပ်တယ်။ မြန်မာအဆိုတော်တစ်ယောက် အမေရိကန်ကိုသွားတော့ သူ့ရဲ့ကော်ပီသီချင်းတွေကို မဆိုရဲလို့ စိုင်းထီးဆိုင်သီချင်းတွေကို ဆိုခဲ့ရတယ်တဲ့။ အဲဒါလေးကတော့ လူငယ်တွေကို ကျွန်တော်ပြောချင်တယ်ဗျာ။ western ပဲဖြစ်ဖြစ်ပါ။ world culture ကိုလေ့လာပါ။ global culture ကိုလေ့လာပါ။ ပြီးတဲ့အခါမှာ ကိုယ့်မှာ

ရှိတဲ့အချက်အလက် အခြေအနေတွေနဲ့ develop ဖြစ်ဖို့ ထွန်းကားဖို့လည်း လုပ်ကြပါလို့။ copier လုပ်နေရုံနဲ့တော့ development က ဘယ်ဘက်ကမှ ဖြစ်လာမှာမဟုတ် ဘူး။ သီချင်းကြီး၊ သီချင်းခန့်တွေ၊ စိန်ခြူးကြာညောင်တွေ ရွတ်နေဖို့ ပြောတာမဟုတ်ပါဘူး။

**ပေမြင့်** အခုခေတ်အနေအထားကလည်း ကျွန်တော်တို့ တုန်းကနဲ့ကွာသွားပြီ။ ကျွန်တော်တို့ငယ်ငယ်က စလောင်း တို့၊ ဘာတို့ ဘာမှမရှိဘူး။ ရန်ကုန်မှာနေတဲ့လူက တိုင်း နှင့် ပြည်နယ်ဘောလုံးပွဲ ရေဒီယိုနားမထောင်ဘဲ ကိုယ်တိုင် သွားကြည့်ရရင် ဒါတော်တော်ဟန်ကျပြီ။ အခုကမ္ဘာ့ဖလား ပွဲတွေ ကြည့်ရတယ်။ သီချင်းဆိုရင်လည်း ကမ္ဘာပေါ်မှာ ဘယ်သူခေတ်စားနေလဲ ကြည့်ခွင့်ရတယ်၊ နားထောင်ခွင့် ရတယ်။ အဲဒီတော့ ကျွန်တော်တို့တုန်းက ဂျိမ်းစ်ဘွန်းကား ဟိုမှာခေတ်စားပြီး လေးငါးခြောက်နှစ်နေမှ ကြည့်ရတာ။ အဲဒီတော့ အခွင့်အရေးကတော့ တော်တော်သာသွားပြီ။ နိုင်ငံတကာနဲ့ ကျွန်တော်တို့နဲ့ အရမ်းအဆက်ပြတ်နေရာ ကနေ နောက်ပိုင်းမှာ ပြန်ဆက်မိလာတယ်။ အဲဒီတော့ လူငယ်တစ်ယောက်အနေနဲ့ ရည်မှန်းမယ်ဆိုလို့ရှိရင်၊ ဒါမှ မဟုတ် ပညာယူမယ်ဆိုရင် ဒါတွေကိုကြည့်ပြီးတော့ ပျက် စီးတဲ့အပိုင်းလည်း ရှိမှာပေါ့ဗျာ။ သို့သော် ဂီတသမား ဖြစ်ချင်တဲ့ လူငယ်တစ်ယောက်က တော်ရုံတန်ရုံရပ်ကွက် ထဲက တီးတတ်တဲ့၊ ဆိုတတ်တဲ့လူနောက်ကလိုက်ပြီး နည်း ယူစရာမလိုတော့ဘူးဗျာ။ ကမ္ဘာပေါ်မှာ ထိပ်ဆိုတဲ့သူကို တစ်ခါတည်း နားထောင်လို့ရတယ်။ နည်းယူလို့ရတယ်။ ဘောလုံးသမားလည်း ထိုနည်းလည်းကောင်းပဲလေ။ ကျွန်



လူငယ်တွေကို ကျွန်တော်ပြောချင်တယ်ဗျာ။
[illegible] ပဲဖြစ်ဖြစ်ပါ။
[illegible] ကိုလေ့လာပါ။
[illegible] ကိုလေ့လာပါ။
ပြီးတဲ့အခါမှာ ကိုယ့်မှာရှိတဲ့အချက်အလက်
အခြေအနေတွေနဲ့ [illegible] ဖြစ်ဖို့၊
ထွန်းကားဖို့လည်း လုပ်ကြပါလို့။
[illegible] လုပ်နေရုံနဲ့တော့
[illegible] က ဘယ်ဘက်ကမှ ဖြစ်လာမှမဟုတ်ဘူး။

တော်တို့တုန်းက ပီလီ နောက်ပြန်ကန်တဲ့ဟာပဲ ကြည့်ဖူးတာ။ ခုတော့ ဒါမျိုးတွေ နေ့စဉ်မြင်နေရတယ်ဆိုတော့ဒါကို အကြောင်းပြုပြီး ယဉ်ကျေးမှု၊ အားကစား စသဖြင့် မျက်နှာစာတွေမှာ ထူးချွန်အောင်လုပ်မယ်ဆိုရင်လုပ်လို့ရတယ်။ ကြိုးစားမယ်ဆိုရင် အခွင့်အလမ်းတွေ အများကြီးရတယ်။ ဒါတွေလိုက်လုပ်တဲ့အခါမှာတစ်ခါတလေဥပမာဂီတပိုင်းမှာ ထက်ထက်မြက်မြက် ဖြစ်လာမယ့်အခွင့်အရေး တွေရသလို အဲဒါနဲ့တွဲပြီးပါလာတဲ့ သူတို့ရဲ့အပေါ်ယံ အပြင်အဆင်၊ အဆောင်အယောင်တွေကလည်း နည်းနည်းတော့ ကူးစက်ပြီးပါလာတာတွေ ရှိမှာပေါ့။ ဒါက မျက်စိနောက်စရာ မဖြစ်ရင် ပြဿနာသိပ်မရှိပါဘူး။ အထူးသဖြင့် အဲဒီဟာနဲ့ ရပ်ကွက်ထဲ အများသူငါကြားထဲဆင်းမလာရင် သိပ်ပြဿနာမရှိဘူး။ သူတို့အလုပ်လုပ်နေတဲ့ အဝန်းအဝိုင်းထဲမှာ၊ အချင်းချင်းကြားမှာဆိုရင် ပြဿနာမဟုတ်ဘူးပေါ့။

အဲဒါဆိုရင် ယဉ်ကျေးမှုပိုင်းမှာ shock ဖြစ်စရာ အကြောင်း သိပ်မရှိပါဘူး။

**အော်ပီကျယ်** ကျွန်တော့်အမြင်ကတော့ဗျာ၊ ဂီတဆိုပါတော့။ အစောပိုင်းကဆိုရင် နိုင်ငံခြားသီချင်းတစ်ပုဒ် သိပ်ကောင်းရင် ရေဒီယိုက နားထောင်ရတယ်၊ ဒါမှမဟုတ် ကက်ဆက်က နားထောင်မယ်။ နားထောင်ပြီးရင် ကိုယ့်ဘာသာ ပြန်ရှာယူရတယ်။ နောက်ပိုင်းဗီဒီယိုတွေ၊ဘာတွေပေါ်လာတော့ style လေး၊ ဘာလေးကြည့်ပြီး လိုက်လုပ်ရတယ်။

ကိုရီးယားတို့၊ ဘာတို့မှာကျတော့ ကိုယ့်ဂီတကို တစ်တစ်ကမ္ဘာလုံး လက်ခံလာနိုင်အောင် လုပ်ယူကြတယ်။ သူတို့က အနောက်တိုင်းမှာ Ph.D သွားယူကြတယ်။ ပြီးတော့

ပြန်ပြီးပေါင်းစပ်ကြတယ်။ ဒီလိုပြန်ပေါင်းစပ်တဲ့ပညာက သူတို့ တော်တော်မြင့်တယ်။ အခြေအနေကလည်း လိုသေးတယ်။ ဘောလုံးဆိုပါတော့။ ကျွန်တော့်သားလေးတွေက စလောင်းတို့၊ ဗီဒီယိုတို့ကတစ်ဆင့်ကြည့်ပြီးတော့ ရိုနယ်ဒိုဘယ်လိုကန်တယ်ဆိုတာ အကုန်သိတယ်။ ဒါပေမယ့် သူက အိမ်အကျဉ်းလေးထဲမှာပဲ ကန်နေရတယ်။ပလတ်စတစ်ဘောလုံးလေးနဲ့။ အဲဒီတော့ သူ ဘယ်တော့မှ ရိုနယ်ဒိုဖြစ်လာမှာမဟုတ်ဘူး။ သူတက်ဖို့ ဘောလုံးပညာသင်ကျောင်းလည်း မရှိဘူး။ ပြီးတော့ ဘောလုံးကို ကျောင်းကိုယူသွားခွင့်မရှိတာလည်း သူ စိတ်ညစ်တယ်။ အဲဒီတော့ ဂီတပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်သူတို့ကအားလုံးလက်ခံအောင်ပေါင်းစပ်ဖို့လုပ်ကြတယ်။ ကိုယ့်ဂီတလည်း တိုးတက်တာပေါ့။ ကိုယ့်ဂီတကိုလည်း ဒီအတိုင်းကြီးထိန်းထားရုံနဲ့ မရဘူး။ နိုင်ငံတကာကလက်ခံလာနိုင်အောင် ဆိုတာကျတော့ တိုးတက်အောင် လုပ်ယူရမယ်။ မီး setting ပညာ ဆိုပါတော့။ ထိုင်းတို့၊ အင်ဒိုနီးရှားတို့က မီး setting သမားတွေ ကြည့်လိုက်။ သူတို့က ဒီပညာမှာ master တွေ၊ ဘာတွေ သွားယူထားပြီးသား။ ကိုယ့်ဘာသာကိုယ် ဟိုဘက်ထောင့်လေး ကြည့်လိုက်၊ ဒီဘက်ထောင့်လေးကြည့်လိုက်နဲ့ လုပ်ကြည့်ရုံနဲ့တော့ မရဘူး။ စနစ်တကျလေ့လာသင်ယူခွင့်ရတဲ့ အနေအထားလိုအပ်တာပေါ့။

**ပေမြင့်** ကိုအောင်ပီကျယ်ပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်။ ကျွန်တော်ပြောတာကတော့ အခုဆိုရင် အရင်ကထက်စာရင် သင်ဆရာမရပေမယ့် မြင်ဆရာ၊ကြားဆရာတော့ ရနေပြီ။ ခုနကလို မီးတွေဆိုရင်လည်း သူတို့

လုပ်တာတွေ မြင်ရပြီ။ ဘယ်လိုလုပ်သလဲဆိုတော့ တိတိကျကျတော့ မသိဘူးပေါ့။ ကိုယ်နဲ့ကွာတယ်ဆိုတာတော့ သိလာပြီ။ ကိုယ် တော်တော်လုပ်ရဦးမယ်ဆိုတာကို မှန်းလို့ရလာပြီ။ အဲဒီအခါ နည်းလမ်းရှာရမှာပေါ့။


**အော်ပီကျယ်** ဘောလုံးဆိုရင် စလောင်းမှာမြင်နေရပြီ။ ဒါပေမယ့် ဘောလုံးကွင်းအရေအတွက်က အရင် ကျွန်တော်တို့တုန်းကထက် ပိုနည်းသွားပြီ။ တစ်ခါ မြန်မာ့ဂီတပိုင်းဆိုရင် ဇာတ်ပွဲတို့၊ ရပ်ကွက်ပွဲတို့က နည်းလာတယ်။ နည်းတော့ တီးတဲ့သူကလည်း နည်းလာတယ်။ နည်းလမ်းရှာရမှာ အဲဒါမျိုးတွေပါ။

**ကျော်ဝင်း** သောမတ်စ်ဖရိုင်းမင်း ထင်တယ်။ သူပြောတာကတော့ ခပ်ရှင်းရှင်းပဲ။ culture နှစ်မျိုးပဲရှိတယ်။ နှေးနှေး culture နဲ့ မြန်မြန် culture တဲ့။ နှေးနှေးသွားရင် နှေးမှာပဲ။ မြန်မြန်လိုက်ရင် မြန်မှာပဲ။ သူကတော့ နည်းနည်း pro ဘက်ကိုကဲလွန်းတယ်။ နည်းနည်း အကောင်းဘက်က ပဲ စောင်းပေးလွန်းတယ်။

**သန့်စိုးနိုင်** ထိန်းသိမ်းတဲ့အပိုင်းတွေကတော့ ပြတိုက်တွေရဲ့ အလုပ်ပေါ့ဗျာ။ သို့သော် မြှင့်တင်ရေးပြဿနာကတော့ ကိုအော်ပီကျယ်ပြောတာ ကျွန်တော် တော်တော်သဘောတူပါတယ်။ ကိုယ့်အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာထဲပါချင်ရင် နိုင်ငံတကာအဆင့်အတန်းမီအောင် လုပ်ကြရမယ်။ ဒါပါပဲ။မင်းမင်းလတ်ရဲ့ယူဇနပင်နဲ့ဖဲကြိုးဝါသီချင်းပေါ်တုန်းကဆိုရင် ပြောလိုက်ကြတာ။ ရစရာမရှိဘူး။ လမ်းသရဲ၊ ဘာညာနဲ့။ နောက်ကျတော့ အဲဒီသီချင်းက သူတို့ပြောနေသလို

အရှုးချေးပန်းသီချင်းမဟုတ်ဘဲ ဗီယက်နမ်မှာ စစ်သွားတိုက်ရတဲ့ စစ်သားတစ်ယောက်က သူ့ချစ်သူဆီပြန်လာတဲ့ ဇာတ် လမ်းလေး။ အဲဒီခံစားမှုနဲ့ ရေးထားတာ။ ဒါမျိုးတွေကို လိုက် ဆန့်ကျင်တာက သိပ်တော့သဘာဝမကျဘူးလို့ ထင်ပါ တယ်။ မြှင့်တင်ချင်ရင်တော့ မြင့်အောင်လုပ်ပေါ့။

လူငယ်နှင့် ideology



**ရဲမိုး** **ဆရာတို့ကို မေးချင်တာတစ်ခုရှိပါသေးတယ်။ ဟိုအရင်မျိုးဆက်က လူငယ်တွေကတော့ ideology တွေနဲ့ ဘဝကို ဖြတ်သန်းကြတယ်ပေါ့။ -ism နဲ့လို့ ကျွန်တော်ဆိုလိုတာပါ။ ဆရာကျော်ဝင်းတို့၊ ဆရာသန်းစိုးနိုင်တို့ရဲ့ လူငယ်ဘဝ ဖြတ်သန်းမှုမျိုးလို့ ထင်ပါတယ်။ ဒါကြောင့် ဒီ ideology အထိန်းအကွပ်နဲ့ ကိုယ်ကျင့်တရားတို့၊ value system တို့၊ ethic တို့ကို အရေးထားကြတယ်လို့ တချို့က သုံးသပ်ကြပါတယ်။ အခု နောက်ပိုင်းမှာ လူငယ်တွေဟာ ရုပ်ဝတ္ထုပိုဆန်လာတယ်။ value တွေ၊ system တွေ၊ norms တွေ အားနည်းလာတယ်လို့ တချို့က မှတ်ချက်ချတာနဲ့ ပတ်သက်ပြီး ဆရာတို့ ဘယ်လိုမြင်ကြပါသလဲ။**

**ပေမြင့်** ကျွန်တော် တစ်ခုပြောချင်တာကတော့ ကိုယ်ကျင့်တရားက ဝါဒနဲ့မဆိုင်ဘူးလို့ထင်တယ်။ ကိုကျော်ဝင်း ပြောပါဦး။

**ကျော်ဝင်း** ကျွန်တော်လည်း အဲဒီအတိုင်းပါပဲ။ ကိုယ့်ရည်မှန်းချက်သန့်သန့်တစ်ခုရှိလို့ရှိရင်တော့ အလိုလို သူ့ဟာသူ သန့်သွားတာဗျ။ အဲဒါတော့ ideology တွေ၊ ဘာတွေနဲ့ သိပ်မဆိုင်ဘူးလို့ထင်တယ်။ တော်တော်များများကတော့ အဲဒီကာလက ရှေ့ပိုင်းမျိုးဆက်တွေပေါ့။ တကယ်ကို သန့်ကြပါတယ်။ တကယ်လေးစားလောက်အောင်ပဲ သန့်ကြပါတယ်။ ဒါပေမယ့် အဲဒါကိုပဲကြည့်ပြီးတော့ ideology ကြောင့် သန့်တယ်ဆိုတာတော့ ဟုတ်ချင်မှဟုတ်မှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီ ideology မရှိတဲ့နောက်မှာ

သန့်တဲ့လူတွေ အများကြီးရှိတာပဲ။

အမေရိကန်မှာ ကော်ပိုရိတ်အရှုပ်တော်ပုံ ဖြစ်ပြီးတဲ့နောက်ပေါ့။ ဒီစနစ်အောက်မှာ လောဘကိုဖွံ့ဖြိုးစေတယ်၊ လောဘက ကူးစက်စေတယ်ဆိုပြီးတော့ ဗဟိုဘဏ်ဥက္ကဋ္ဌ အလန်ဂရင်းစပန်းရဲ့စကားကို ကိုးကားပြီးတော့ ဖြေတယ်။ ဒါကိုပြန်ချေဖျက်ပြီးပြောတာလည်း ရှိတယ်။ နာမည်တော့ မေ့သွားပြီ။ သူက လောဘတော့ဟုတ်တယ်။ သို့သော် အဲဒီလောဘက အရင်မာက်စ်ဝါဒကထင်ထားသလိုowner ရဲ့၊ ပိုင်ရှင်ရဲ့ အလုပ်သမားအပေါ် သွေးစုတ်တဲ့လောဘ မဟုတ်ဘူးတဲ့။ CEO ရဲ့လောဘပေါ့။ CEO ဆိုတာလည်း ဝန်ထမ်းပဲ။ ဝန်ထမ်းရဲ့လုပ်ပိုင်ခွင့်ကနေလာတဲ့ လောဘဆိုပါတော့။ ဘာဖြစ်လို့လဲဆိုတော့ CEO ဆိုတဲ့ကောင်တွေက သူတို့အဆင့်ကိုအသုံးချပြီး လျှောက်ညစ်ရာကဖြစ်လာတဲ့ problem ကိုး။ bureaucratic mandate ကလာတယ်ပေါ့။ ဖွဲ့စည်းပုံကြီးကလာတဲ့ လောဘပေါ့။ ဟိုတုန်းက ကျွန်တော်တို့ နားလည်ထားသလို ownership ပိုင်ဆိုင်မှုကနေလာတဲ့ လောဘမဟုတ်ဘူး။ အဲဒီတော့ လောဘဖြစ်တောင်မှ လောဘချင်းမတူဘူး။ ဒီလောဘကို တစ်ခုခုက ဝင် control လုပ်တာမျိုးနဲ့ မပျောက်ဘူး။ စနစ်နဲ့မဆိုင်ဘူး။ ဒီလောဘကို မွေးထုတ်နိုင်တဲ့ ဒီကော်ပိုရိတ်ဖွဲ့စည်းပုံကိုပြန်ပြင်ဖို့ လိုတယ်ပေါ့။

အဲဒီတော့ နောက်ပိုင်းမျိုးဆက်တွေမှာ လောဘကူးစက်ခံရနိုင်တဲ့ environment ရှိနေတယ်ဆိုတဲ့ ဝေဖန်ချက်တွေရှိတယ်။ ခုနကမေးတဲ့မေးခွန်းနဲ့ ပြန်ချိန်လိုက်မယ်ဆိုရင် ethic ဘက်က ယိုယွင်းလာတယ်ဆိုတာ ideology



ရှိတဲ့ ဆိုရင်
အကျင့်ပျက်မှုတွေဆိုတာက မရှိဘူးတော့ မဟုတ်ပါဘူး။
နည်းတာပေါ့။ ခုနက ကို လမ်းညွှန်ထားပြီးတော့
ထူထောင်ကြည့်တဲ့ လူ့အဖွဲ့အစည်းတွေမှာ
တကယ်ကျတော့ မှာ အပျက်ဆုံးဖြစ်နေကြတာ။
ဘာလို့လဲဆိုတော့ မှမရှိတာ။
လက်တွေ့မှာ လူက လူပဲ။ ကလိုတာပေါ့။

ရှိ၊ မရှိနဲ့တော့ သိပ်မဆိုင်ဘူးထင်ပါတယ်။ ပြီးတော့ နောက်ပိုင်းဖြစ်နေတဲ့ environment တွေက လောဘကိုပိုကြီးစေတယ်၊ ethic နဲ့ပိုဝေးစေတယ်ဆိုတာလည်း ကျွန်တော်တော့ သိပ်မကြိုက်ဘူး။ လက်မခံဘူး။ ဒါတွေက သူ့အကြောင်းနဲ့သူ ရှိတာပဲ။ ခုနက လုပ်ပိုင်ခွင့်ကလာတဲ့ လောဘက ဖွံ့ဖြိုးပြီးနိုင်ငံမှ မဟုတ်ဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပိုများနေတယ်။

**ဖေမြင့်** အဲဒီလို transparent မဖြစ်တာတို့၊ corruption တို့က developing countries တွေမှာ ပိုများတယ်။

**ကျော်ဝင်း** အဲဒါကလည်း anti-globalization ရဲ့ အရေးကြီးတဲ့တစ်ချက်ပဲ။ ethic ဘက်ကချို့ယွင်းသွားတယ် ဆိုတာပေါ့။

**ဖေမြင့်** ကိုကျော်ဝင်း စောစောကပြောတာမှာ ideology ရှိခဲ့တာကိုအကြောင်းပြုပြီး အဲဒီအချိန်က လူပုဂ္ဂိုလ်တွေက ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းခဲ့ကြတယ်။ ဆိုချင်တာက လူတစ်ယောက်က သူ့မှာ ရည်မှန်းချက်တစ်ခု ရှိတယ်ဆိုရင် ထိန်းထိန်းသိမ်းသိမ်းရှိတယ်ပေါ့။

**သန်းစိုးနိုင်** ကျောင်းဆရာလုပ်ရင်လည်း တပည့်က လေးစားအောင် နေရတာပေါ့။

**ကျော်ဝင်း** organization တွေနဲ့ ဆက်စပ်နေတယ်။ ဟိုတုန်းက organization တွေက လူမှုရေးမဖောက်ပြန်ဖို့ ထိန်းထားတာတွေရှိတယ်။ အလိုလိုသန့်ပြီးသားလို ဖြစ်သွားတာပေါ့။ တစ်ခါတလေကျတော့လည်း ကိုယ်တကယ်ယုံကြည်တဲ့လှုပ်ရှားမှုကြီးအောက်ထဲမှာ သန့်သွားတာမျိုးတွေရှိတယ်။ ရည်မှန်းချက်တစ်ခုရှိရင် ethic က ထိန်းပြီးသား

အလိုလိုဖြစ်သွားတယ်။ ကျွန်တော်တော့ အဲဒီလိုထင်တယ်။

**ဖေမြင့်** အခုနောက်ပိုင်း organization တွေနဲ့ ပတ်သက်ပြီးပြောကြတဲ့ကိစ္စမှာ စနစ်ကြီးတစ်ခုလုံးမှာအစအဆုံး ကိုယ် အရေးကြီးတယ်ထင်တာ၊ကိုယ်အထူးစိတ်ဝင်စားတာ တစ်ခုပဲ ဝင်လုပ်တဲ့ဟာမျိုးတွေ၊ အခုခေတ်အသုံးအနှုန်း ကတော့ single-issue ပေါ့။ single-issue politics ဆိုတာမျိုးဟာ နည်းနည်းခေတ်စားလာတယ်။ သဘော ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ဝင်စားတဲ့သူ က အဲဒါကိုပဲလုပ်တယ်။ ယဉ်ကျေးမှုထိန်းသိမ်းရေးကို လုပ်မယ့်သူကလည်း ယဉ်ကျေးမှုကိစ္စသီးသန့်ပဲ။ အဲဒီလို အဖွဲ့မျိုးတွေက ပိုများလာတယ်။ ဒါတွေကို လုပ်နိုင်ကိုင်နိုင် တဲ့ အနေအထားမျိုးရှိရင် civil society ဖြစ်တာပဲ။ ဒီ အထဲမှာရှိတဲ့ လူငယ်တွေကလည်း ကိုယ်စိတ်အားထက် သန်ရာကဏ္ဍတွေမှာ လုပ်ကြမယ်။ ကိုယ့်ကိုယ်ကိုယ် ယုံ ကြည်မှု ရှိမယ်။ ကိုယ့်အလုပ်ကိုယ် လေးစားမှုရှိမယ်။ ဒါဆို ရင် စောစောကပြောတဲ့ ကိုယ်ကျင့်တရားပိုင်းက ကိုယ့် ဘာသာ ထိန်းပြီးသားဖြစ်သွားမယ်။

**ကျော်ဝင်း** check and balance ရှိတဲ့ society ဆိုရင် အကျင့်ပျက်မှုတွေဆိုတာက မရှိဘူးတော့မဟုတ်ပါဘူး။ နည်းတာပေါ့။ ခုနက ideology ကို လမ်းညွှန်ထားပြီးတော့ ထူထောင်ကြည့်တဲ့ လူ့အဖွဲ့အစည်းတွေမှာ တကယ်ကျ တော့ ethic မှာ အပျက်ဆုံးဖြစ်နေကြတာ။ ဘာလို့လဲ ဆိုတော့ check and balance မှမရှိတာ။ လက်တွေ့မှာ လူကလူပဲ။ check and balance ကလိုတာပေါ့။

**သန်းစိုးနိုင်** ကျွန်တော်ကတော့ ideology လို့လည်းမပြော

ချင်ပါဘူး။ တစ်ခုတော့ ပြောချင်တယ်။ ယုံကြည်မှုနဲ့ပတ်သက်တဲ့ တည်ဆောက်ထားတဲ့ အဖွဲ့အစည်းစနစ်တွေမှာ တစ်စုံလုံးပါမယ်လို့ ထင်တယ်။ ဆိုလိုတာက ဖီလော်ဆော်ဖီ ပါတယ်။ organizational pattern တွေပါမယ်။ နောက်ပြီးတော့ ethical rules တွေပါမယ်ပေါ့ဗျာ။ ပြီးတော့ ideal တွေလည်း ရှိမှာပေါ့။ ကျွန်တော် ယုံကြည်မှုလို့ပြောတာမှာ ဘာသာတရားကိုထည့်ချင်လို့ပါ။ ideology မရှိသော်ငြားလည်း မြန်မာ့လူ့အဖွဲ့အစည်းကြီးမှာ ဗုဒ္ဓဘာသာလည်း ဗုဒ္ဓဘာသာ tradition ၊ အစ္စလာမ်မှာလည်း အစ္စလာမ် tradition ရှိပါတယ်။ အဲဒီဟာတွေက ကျန်တဲ့အချက်တွေကိုထား၊ သူ့နှုန်းစံတန်ဖိုးတော့ သူတို့ဟာနဲ့သူတို့တော့ ရှိကြတာပဲ။ belief ဟာ သူ့နှုန်းစံနဲ့ကိုက်ညီတဲ့ ကိုယ်ကျင့်တရားကိုတော့ ပေးတာပဲ။ ဒါ သမိုင်းတစ်လျှောက်လုံးမှာ ရှိခဲ့တာပဲ။ လူ့အဖွဲ့အစည်းကြီးမှာ ideology တွေပြိုကွဲသွားလို့ နှုန်းစံတန်ဖိုးတွေမရှိတော့ဘူးဆိုတာတော့ မဟုတ်ပါဘူး။ စောစောကပြောတဲ့ အဖွဲ့အစည်းရဲ့အားနည်းချက်က ဘာလဲဆိုရင်ကိုကျော်ဝင်းပြောတဲ့ ပြဿနာပါပဲ။ check and balance မရှိဘူး။

ကြိုက်တာ၊ မကြိုက်တာ အပထား။ သက်ဝင်ယုံကြည်မှုရှိလို့ရှိရင် ဒီနှုန်းစံတန်ဖိုးတွေကို သယ်ဆောင်လာပေးခဲ့တယ်။ ဒီခေတ်မှာတော့ ဘာအပြောင်းအလဲတွေ ရှိသလဲဆိုတော့ နည်းပညာတော်လှန်ရေး အပြောင်းအလဲကြီးဖြစ်လာတယ်။ technological revolution, knowledge explosion ပေါ့။ အဲဒီအခါမှာ အရင်တုန်းက ယုံကြည်သက်ဝင်ထားတာတွေက ယုံကြည်စရာမရှိတော့ဘူး။

အဲဒါတွေ ပြိုကွဲသွားတာနဲ့တစ်ပြိုင်နက် သူနဲ့သက်ဆိုင်တဲ့ တစ်နွယ်ငင် တစ်စင်ပါ ethics တွေ၊ value တွေကို ပြန်ဆန်းစစ်လာကြတယ်။ ဒီလို transition အပြောင်းအလဲကာလကလေးမှာ globalized ethic တွေ၊ globalized norms တွေ၊ value တွေ မရှိသေးတဲ့အခါမှာ ကိုယ်ကြိုက်သလို ကိုယ့်ဟာကိုယ်လုပ်၊ ကိုယ်သန်သလိုနေကြတာလည်း ရှိတယ်။ ကိုယ်ယုံကြည်တဲ့ဘာသာတရားနဲ့နေတာလည်း ရှိတယ်။ သူတို့ ယုံကြည်ဖို့ globalized ideology တစ်ခုသော်လည်းကောင်း၊ belief သော်လည်းကောင်း form ဖြစ်လာတယ်ဆိုရင်တော့လည်း တစ်မျိုးပေါ့။ ဒါ မှန်းဆချက်ပေါ့။

**ကိုတာ** ကျွန်တော် ဟောပြောပွဲလေးတွေ တစ်ခါတစ်ရံသွားရတဲ့အခါ လူငယ်တွေကို အော်တိုရေးပေးရရင် ဘာရေးပေးရသလဲဆိုတော့ civil society ပေါ့လေ။ လူမှုရေးအဖွဲ့အစည်းတွေမှာ ပါဝင်ပါလို့ရေးပေးတယ်။ civil society အားကောင်းတဲ့ လူမှုရေးအဖွဲ့အစည်းက ခုနကပြောတဲ့ လူငယ်တွေ တစ်စုံတစ်ရာသန့်ရှင်းဖို့လည်းဖြစ်စေတယ်။ ပြီးတော့ organised လည်းဖြစ်စေတယ်။ လူတွေနဲ့ ပေါင်းသင်းဆက်ဆံဖို့လည်း အဆင်ပြေစေမယ်။ ဒါ လောလောဆယ်မှာ practical ဖြစ်တယ်လို့ ကျွန်တော်ထင်တယ်။

**ဖေမြင့်** ကိုယ်စိတ်ပါဝင်စားတဲ့အလုပ်ကိုသူများနဲ့ပူးပေါင်းပြီး လုပ်ရတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်ကိုယ်ကိုယ်လည်းလေးစားမှု၊ ယုံကြည်မှုရှိမယ်။ ယုံကြည်မှုရှိရင် ကိုယ်ကျင့်တရားပိုင်းလည်း ထိန်းသိမ်းမှုရှိမယ်။ တခြားအဖွဲ့အစည်းတွေ၊ သူများတွေရဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ ယှဉ်ပြိုင်မှု ရှိ

လာတဲ့အခါကျတော့ tolerance လည်းပိုရှိလာတယ်။ သူများက ကိုယ့်အပေါ်မှာ ဘယ်လိုမြင်နိုင်တယ်ဆိုတာလည်း သိလာတယ်။ အဲဒီတော့ ပိုပြီးထိန်းသိမ်းနိုင်လာတာပေ့ါ။

**ရဲမိုး** ဆရာတို့ကို ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ဆုံးအနေနဲ့ လူငယ်တွေကိုဦးတည်ပြီး စကား တစ်ခွန်းစီလောက် ပြောပေးကြပါဦး။

**ကိုတာ** ပြောချင်တာတော့ ၂ ခုပေါ့ဗျာ။ တစ်ခုကတော့ ခုနက လူမှုရေးအဖွဲ့အစည်းတွေမှာ ပါကြပါပေါ့။ နောက် တစ်ခုကတော့ စာဖတ်တာနဲ့ပတ်သက်လို့ပါ။ စာအုပ်တွေ ဆီက ရစရာတွေအများကြီးရှိပါတယ်။ စာဖတ်ကြပါ။

**ဖေမြင့်** ကျွန်တော် လူငယ်တွေနဲ့ပတ်သက်ရင် အမြဲပြော လေ့ရှိတာက လူတစ်ယောက်ရဲ့ဘဝမှာဖြင့်ရင် ငါ ဘာလုပ် ရင်ကောင်းမလဲလို့ တတ်နိုင်သလောက် အစောဆုံး ကိုယ့် ဘာသာကိုယ်မြင်ခဲ့လို့ရှိရင်၊ ကိုယ့်ဘဝရဲ့ရည်မှန်းချက်ကို စောစောစီးစီးသိရင် လုပ်ဖို့ကိုင်ဖို့အတွက် အချိန်တွေအများ ကြီး ရတယ်။ အဲဒီလူဟာ အောင်မြင်နိုင်တယ်။ အစောဆုံး ရွေးချယ်နိုင်တဲ့သူဟာ အမြင့်မားဆုံးအောင်မြင်နိုင်တယ်ဆို တဲ့ စကားပါ။ ဒါပေမယ့် ကိုယ့်ရည်မှန်းချက်က ဘာလဲဆို တာ ဆုံးဖြတ်ချက်ချဖို့လည်း တချို့အတွက် ခက်နေနိုင်ပါ တယ်။ အဲဒီတော့ လောလောဆယ်ရွေးချယ်လို့ မရသေးမီ ကာလမှာ ကိုယ့်ကိုယ်ကိုယ် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ နည်းကတော့ မြန်မာ့ရိုးရာအစဉ်အလာမှာ ပြောခဲ့တဲ့အတိုင်း ဗလငါးတန်နဲ့ ပြည့်စုံအောင်လုပ်ရမယ်ဆိုတဲ့ အချက်ပါပဲ။ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ ပေါ့။ ဘောဂဗလဆိုတာ ငယ်တုန်းမှာတော့ သိပ်ပြီး မပြည့် စုံနိုင်ဘူး။ တဖြည်းဖြည်းနဲ့ တည်ဆောက်ရမှာ။ ကျန်တာ တွေကတော့ ဘယ်အသက်အရွယ်မဆို လုပ်လို့ရပါတယ်။

www.burmeseclassic.com



**အောင်ပီကျယ်** ကျွန်တော်ကတော့ ကိုတာ့စကားပဲ ဆက်ပြောမယ်။ ကိုတာက စကားဝိုင်းအစမှာတုန်းက လူငယ်တွေကို တစ်ခုခုကို သေသေချာချာတတ်ဖို့ ပြောခဲ့တယ်။ ကျွန်တော့်ကိုယ်တွေ့အရဆိုရင်တော့ ၈၉ နောက်ပိုင်းမှာ ကာတွန်းဆရာပဲလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲထားလိုက်တာပေါ့လေ။ ဒါပေမယ့် ကျွန်တော် ကွန်ပျူတာပဲဖြစ်ဖြစ်၊ multi media ပဲဖြစ်ဖြစ် လေ့လာဖြစ်ခဲ့တာတွေ ရှိပါတယ်။ အဲဒီလေ့လာဖြစ်ခဲ့တာတွေအထဲမှာ နောင်ရေရှည် ကိုယ့်ဘဝရည်မှန်းချက်အတွက် ကွက်တိကျချင်မှကျမယ်။ ဒါပေမယ့် လေ့လာဖြစ်တဲ့အထဲမှာတော့ ကျွန်တော်တတ်နိုင်သရွေ့၊ လက်လှမ်းမီသရွေ့ အစအဆုံးကို လေ့လာပါတယ်။ အဲဒီပညာမှာ ပညာရှင်ဖြစ်တာ၊ မဖြစ်တာအပထား။ ပထမနံပါတ်တစ်က အသက်မွေးဝမ်းကျောင်းလည်း ဖြစ်တယ်။ နောက်တစ်ခုက ကိုယ့်မှာ channel တစ်ခုလည်းတိုးတယ်။ နည်းနည်းလေး ပဲသိရင်တော့ တွေးနိုင်ခေါ်နိုင်တဲ့အဆင့် ရောက်မှာမဟုတ်ဘူး။ အဲဒီတော့ လူငယ်တွေအနေနဲ့ ကိုယ်ဆုပ်ကိုင်မိတဲ့၊ လေ့လာမိတဲ့ပညာတစ်ခုခုကို အဆုံးအထိ လေ့လာကြပါ။ အကျိုးမဲ့သွားတယ်ဆိုတာ ဘယ်တော့မှ၊ ဘယ်အရာမှ မရှိပါဘူး။ ဘယ်ပညာပဲဖြစ်ဖြစ်ပါ။

**သန်းစိုးနိုင်** ကျွန်တော်လည်း ကျွန်တော်ပြောနေကျစကားပဲ ပြောပါမယ်။ ဘယ်အရိပ်အာဝါသကိုမှ အေးမြတယ်ဆိုပြီးတော့ ခိုလှုံဖို့မကြိုးစားကြပါနဲ့။ ထွန်းလင်းတောက်ပတဲ့ နေရောင်ခြည်အောက်မှာ ပူပါစေ။ ခံနိုင်ရည်ရှိအောင် ကြိုးစားကြပါ။ ပညာရှာပါ။ ဘဝကိုဖြတ်သန်းပါလို့ ပြောချင်ပါတယ်။ ဒါပါပဲ။